# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ်မှ စတင်တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၊ စနေနေ့။ Saturday, 15 May 2021 ၁၀၃၇၄




ရွှေလင်ပန်းစက်မှုဇုန်မှ လုပ်သားများ ညနေပိုင်း အလုပ်ဆင်းလာသည်ကို တွေ့ရစဉ်။

# လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်မှ လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလျက်ရှိ

ရန်ကုန် မေ ၁၄

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် အထည်ချုပ်လုပ်ငန်းအများဆုံးလုပ်ကိုင်သော ရွှေလင်ပန်းစက်မှုဇုန်မှ အလုပ်သမားများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

စက်မှုဇုန်အထည်ချုပ်စက်ရုံတို့တွင် အရှေ့တောင်အာရှနိုင်ငံများက မှာကြားသောအဝတ်အထည်တို့ကို ချုပ်လုပ်ပေးလျက်ရှိပြီး ပြည်တွင်းငွေကြေးလည်ပတ်မှုသွက်လက်ခြင်းဖြင့် ပြည်ပမှ မှာယူသော ကုန်ပစ္စည်းစီးဆင်းမှု ငွေပေး၊ ငွေလွှဲကဏ္ဍ အဆင်ပြေချောမွေ့လျက် စက်မှုလုပ်ငန်းများ အရှိန်မပျက် ဆက်လက်လည်ပတ်ရန် အလုပ်ရှင်၊ အလုပ်သမားတို့ မျှော်မှန်းလျက်ရှိသည်။


စာမျက်နှာ ၅ ကော်လံ ၄ သို့ ☆



ကြေးမုံ ယနေ့ ဖတ်စရာ

သတင်းအမှားဖြစ်ကြောင်း အသိပေးကြေညာခြင်း စာမျက်နှာ » ၅

သိက္ခာမြင့်မြတ်၊ စိတ်ဓာတ်ဖြူစင်၊ တပ်မတော်ဆေးတပ်ဖွဲ့ ဂုဏ်အင် ဆောင်းပါး စာမျက်နှာ » ၆


**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်**

မွန်ပြည်နယ်၊ မြို့နယ် ၁၀ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခြင်း


စာမျက်နှာ » ၁၅




**နိုင်ငံတော်၏ မေခရီးစီးပွားရေး အခြေအနေများကို စောင့်ကြည့်လေ့လာသုံးသပ်၍ ဆောင်ရွက်သင့်သည့် အစီအမံများကို ပုံမှန်အကြံပြုတင်ပြနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ**


စာမျက်နှာ » ၃


**ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့် ဒေါက်တာပွင့်ဆန်း သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နေသည့် စက်ရုံများ ကြည့်ရှုအားပေး**


စာမျက်နှာ » ၄






**ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ**


စာမျက်နှာ » ၈

ကြေးမုံ

# မီတာကျသင့်ငွေ မဆောင်လျှင် အမှောင်ထဲတွင် နေရမည်သာ

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက လျှပ်စစ်ဓာတ်အားသုံးစွဲသူ မိဘပြည်သူများ လုံခြုံစိတ်ချ၍ တည်ငြိမ်ပြည့်ဝသည့် လျှပ်စစ်ဓာတ်အားကို သုံးစွဲနိုင်ရန်အတွက် နေ့ညမလပ်၊ ရာသီဥတု၊ အချိန်အခါမရွေး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ဆက်လက်၍လည်း အစဉ်မပြတ် လျှပ်စစ်ဓာတ်အား အကောင်းဆုံးဝန်ဆောင်မှုရစေရန် ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထိုသို့ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် မိဘပြည်သူများ လုံခြုံစိတ်ချ အပြည့်အဝရသည့် လျှပ်စစ်ဓာတ်အားကို နေ့စဉ်မပြတ်ရရှိစေရန်အတွက် နိုင်ငံပိုင်လျှပ်စစ်ဓာတ်အားပေးစက်ကြီးများမှ လျှပ်စစ်ဓာတ်အားများကို ထုတ်လွှတ်ပေးလျက်ရှိသည့်အပြင် ပုဂ္ဂလိကပိုင် လျှပ်စစ်ဓာတ်အားပေးစက်များမှတစ်ဆင့် ဝယ်ယူဖြန့်ဖြူးပေးလျက်ရှိသည်။ မိဘပြည်သူနေအိမ်များမှ လျှပ်စစ်ဓာတ်အား တစ်ယူနစ်သုံးစွဲတိုင်း ကုန်ကျစရိတ်များကို နိုင်ငံတော်မှ အကုန်အကျခံကာ ဆောင်ရွက်ပေးလျက်ရှိသည်။

လျှပ်စစ်ဓာတ်အားများကို စဉ်ဆက်မပြတ်ထုတ်လွှတ်ပေးနိုင်ရန်အတွက် မိဘပြည်သူနေအိမ်များက သုံးစွဲခဲ့သည့် ယူနစ်ပမာဏအလျောက် ကျသင့်ဓာတ်အားခများကို လစဉ်လျှော့ပေါ့နှုန်းထားနှင့်အတူ အချိန်မှန်ကောက်ခံကာ ဓာတ်အားလည်ပတ်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။ မိဘပြည်သူနေအိမ်များသို့ လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ရာတွင် ကုန်ကျစရိတ်နှင့်ဝယ်ယူစရိတ်များရှိသဖြင့် ဓာတ်အားခများကို အချိန်မှန်ပေးသွင်းမှသာလျှင် လျှပ်စစ်ဓာတ်အားများကို စဉ်ဆက်မပြတ် ဝယ်ယူထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

ယခုအခါတွင် မသမာသူအဖျက်သမားများက အခွန်အခနှင့်သက်ဆိုင်သည့် လုပ်ငန်းများ၊ နိုင်ငံတော်သို့ပေးဆောင်ရန်ရှိသည့် အများပြည်သူဝန်ဆောင်မှုအခကြေးငွေများကို ပေးဆောင်ခြင်းမပြုရန် သွေးထိုးလှုံ့ဆော်ပေးလျက်ရှိရာ အချို့သောမိဘပြည်သူများက နားယောင်ပြီး ပေးဆောင်ခြင်းမရှိသော်လည်း တာဝန်သိစွာဖြင့် ကျသင့်အခွန်အခများကို ပေးဆောင်ကြသော မိဘပြည်သူများ ရှိနေသည်ကို တွေ့ရပါသည်။ နိုင်ငံတော်အနေဖြင့် နိုင်ငံသူ နိုင်ငံသားများ၏ လိုအပ်သည့် ဝန်ဆောင်မှုများနှင့် အကျိုးစီးပွားများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံသူ နိုင်ငံသားများကလည်း တာဝန်သိစွာဖြင့် ကျသင့်အခွန်အခငွေကြေးများကို ပေးဆောင်ခြင်းအားဖြင့် နိုင်ငံသားတာဝန်ကျေပွန်စွာ ထမ်းဆောင်ဖို့လိုအပ်ပါသည်။

လျှပ်စစ်ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအနေဖြင့် မိမိတို့လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရန် သုံးစွဲခဲ့သော ဓာတ်အားခကျသင့်ငွေများကို လအလိုက် တိုးမြှင့်ပြင်ဆင်သတ်မှတ်ပေးထားသည့်အတိုင်း သတ်မှတ်ရက်များအတွင်း ပေးဆောင်ရန် လိုအပ်ပါသည်။ ထိုသို့ပေးဆောင်ရာတွင် မိုဘိုင်းလ်ဘဏ်စနစ်ဖြင့်လည်းကောင်း၊ လူကိုယ်တိုင် သက်ဆိုင်ရာဌာနများတွင်လည်းကောင်း ပေးသွင်းနိုင်ကြပါသည်။ အကယ်၍ လစဉ်မီတာခကျသင့်ငွေများကို ပေးသွင်းခြင်းမရှိပါက လျှပ်စစ်ဥပဒေအရ လျှပ်စစ်ဓာတ်အားဖြတ်တောက် အရေးယူခြင်းခံရနိုင်သည်ဖြစ်ရာ အရေးယူခြင်းမခံရစေရန်အတွက် သတ်မှတ်ကျသင့်သည့် မီတာခကျသင့်ငွေများကို အချိန်မီပေးဆောင်ကြရန် တိုက်တွန်းအပ်ပါသည်။

မိဘပြည်သူများအနေဖြင့် နိုင်ငံတော်သို့ ကျသင့်အခွန်အခများပေးဆောင်ခြင်း၊ ရေ၊ လျှပ်စစ်၊ သန့်ရှင်းရေးစသည့် အခွန်အခကျသင့်ငွေများကို ပုံမှန်ပေးဆောင်ခြင်းသည် နိုင်ငံသားတစ်ယောက်၏တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းများဖြစ်သလို မိဘပြည်သူများ၏ အကျိုးစီးပွားများ၊ လိုအပ်သည့် လူမှုဝန်ဆောင်မှုများကို နိုင်ငံတော်အနေဖြင့် အပြည့်အဝပြန်လည်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ အကယ်၍ မိမိတို့ဝန်ဆောင်မှုရယူခဲ့သည်များကို တာဝန်ကျေပွန်စွာ ပြန်လည်ပေးဆောင်ခြင်းမရှိပါက ပြဋ္ဌာန်းထားသော ဥပဒေနှင့်ငြိစွန်းသည့်အပြင် မိဘပြည်သူများပင် အခက်အခဲများရှိလာနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

ယခုအခါတွင် အစွန်းရောက်နိုင်ငံရေးသမားများ၊ တိုင်းပြည်ကို ဖျက်လိုဖျက်ဆီးလုပ်လိုသူများက အစိုးရအုပ်ချုပ်ရေးယန္တရား မလည်ပတ်စေရန်အတွက် ဖျက်လိုဖျက်ဆီးလုပ်ရပ်များကို တစိုက်မတ်မတ်လုပ်ကိုင်လျက်ရှိရာ မိဘပြည်သူများအား ဒီမိုကရေစီနိုင်ငံနှင့် မဆီလျော်သည့် မှားယွင်းသော လုပ်ဆောင်မှုများကို လုပ်ဆောင်ရန် စည်းရုံးခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်းများကို ပြုလုပ်လျက်ရှိသည်။ အချို့မိဘပြည်သူများအနေဖြင့် မသမာသူများ၏ စည်းရုံးမှုများကို နားယောင်ပြီး တာဝန်သိသော နိုင်ငံသူ နိုင်ငံသားတစ်ယောက်အဖြစ်မှ သွေဖည်၍ မပြုလုပ်သင့်သော လုပ်ရပ်များကို လုပ်ကိုင်မိကြလေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် အစိုးရ၏အကျိုးစီးပွားသက်သက်အတွက် နိုင်ငံတော်ကို တာဝန်ယူနေခြင်းမဟုတ်ဘဲ နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများအကျိုးစီးပွားအတွက် လိုအပ်သောကိစ္စအဝဝတို့ကို ဆောင်ရွက်ပေးနိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်သည်ကို နားလည်စေလိုပါသည်။ အကယ်၍ မိမိတို့နေ့စဉ်လူမှုဘဝ အဆင်ပြေစေရန် သုံးစွဲလျက်ရှိသော မီတာခကျသင့်ငွေများကို ပေးဆောင်ခြင်းမပြုပါက လျှပ်စစ်ဥပဒေနှင့် ငြိစွန်းပြီး မိမိတို့သာ အမှောင်ထဲတွင် အဆင်မပြေစွာနေထိုင်ကြရမည်ကို သတိချပ်ရန်လိုမည်ဖြစ်ပါကြောင်း။ ။

## မြန်မာ့စီးပွားရေးဘဏ်မှ အများပြည်သူသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်ပိုင် မြန်မာ့စီးပွားရေးဘဏ်သည် အများပြည်သူ၏အပ်နှံငွေများကို လက်ခံထိန်းသိမ်းပေးပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် အစိုးရဌာနများအားလုံး၏ ငွေစာရင်းများကို ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိပြီး အငြိမ်းစားဝန်ထမ်းများ၏ အငြိမ်းစားလစာများကိုလည်း တာဝန်ယူထုတ်ပေးလျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၀၂၁ ခုနှစ်၊ ဧပြီလ(၂၇)ရက်စွဲဖြင့် "ပြည်သူများအနေဖြင့် လက်ဝယ်ရှိငွေသားများကို လုံခြုံမှုအတွက် ဘဏ်များတွင် အပ်နှံလိုပါက အထူးကိစ္စရပ်အနေဖြင့် ၂၀၂၁ ခုနှစ်၊ မေလ(၃)ရက်နေ့မှစပြီး ဘဏ်များတွင် ဘဏ်စာရင်းအသစ်များဖွင့်လှစ်၍ ငွေသားအပ်နှံထည့်သွင်းခွင့်ပြုမည်ဖြစ်ပြီး ထိုစာရင်းအသစ်မှ ငွေသားပြန်လည်ထုတ်ယူလိုပါက အပ်နှံငွေသားပမာဏအတွင်း ကန့်သတ်ချက်မရှိဘဲ ထုတ်ယူခွင့်ပြုမည်" ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားပြီးဖြစ်ပါသည်။ အဆိုပါသတင်းထုတ်ပြန်ချက်နှင့်အညီ မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်များတွင် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ ယခုအခါ ပြည်သူများ ဘဏ်စာရင်းအသစ် ဖွင့်လှစ်၍ ငွေသားအပ်နှံမှုလုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့စေရန် အထူးဝန်ဆောင်မှု အစီအစဉ်တစ်ရပ်အဖြစ် ၂၀၂၁ ခုနှစ်၊ မေလ (၁၇)ရက် (တနင်္လာနေ့)မှစတင်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည် -

**(က) အထူးဝန်ဆောင်မှု ဆောင်ရွက်ပေးမည့်နေရာ**

မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁) ပထမထပ်
အမှတ် (၄၃/၄၅)၊ ပန်းဆိုးတန်းလမ်း
ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်းနံပါတ် - ၀၁- ၃၈၇၅၅၂၊ ၀၁-၃၇၉၃၅၁

**(ခ) ဝန်ဆောင်မှုပေးမည့် လုပ်ငန်းများ**

(၁) စာရင်းအသစ်ဖွင့်သူများအတွက် အထူးကောင်တာ သီးခြားဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး စာရင်းအသစ်ဖွင့်လှစ်ပေးခြင်းနှင့်ငွေသားအပ်နှံမှု လက်ခံခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

(၂) အဆိုပါ စာရင်းအသစ်မှ အခြားငွေပေးချေမှုများဖြစ်သည့် စာရင်းပြောင်းနည်းလမ်း၊ ငွေပေးအမိန့်လွှာ၊ ချက်လက်မှတ်များဖြင့် ထုတ်ပေးသည့် နည်းလမ်းများကိုလည်း ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ငွေသားပြန်လည်ထုတ်ယူလိုပါကလည်း အပ်နှံထားသည့် ငွေပမာဏအတွင်း ကန့်သတ်ချက်မရှိ ထုတ်ယူနိုင်ပါသည်။

(၃) အဆိုပါ အထူးကောင်တာမှ မြန်မာ့စီးပွားရေးဘဏ် ခရိုင်ဘဏ်ခွဲ(၇၆)ဘဏ်သို့ အပြန်အလှန် ငွေလွှဲပေးပို့ခြင်းကို ငွေသားဖြင့် ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

(၄) ငွေသားအပ်နှံမှု၊ ထုတ်ယူမှုနှင့် ငွေလွှဲပေးပို့မှုစသည့် ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၁၄ - ၅ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၁၀၀ | ၁,၁၂၀ | ၁၀,၀၈၀,၁၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၉,၀၅၀ | ၃၁,၆၇၅,၀၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၅ | ၃၉,၀၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၉၉ | ၁,၉၃၀,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၇ | ၁၉,၂၅၀ |
| EFR | ၃,၀၅၀ | ၃,၃၀၀ | ၆၄၃ | ၁,၉၄၀,၁၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၁၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၆၇၀.၂ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၂၅.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၅၉.၆၄ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၃.၂၇၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၀၄.၈၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၂.၇၉၉ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၉၃.၂ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၅၁.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၂၈.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၈.၁၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်
အကြီးတန်း - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊
သတင်းထောက်များ ဒေါ်နေဇာဇာထွန်း
အငယ်တန်း - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အမှိုက်စွန့်ပစ်မှု အသိပညာပေး

**မြို့ရွာ စည်ပင်သာယာရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမှိုက်သိမ်းစနစ်ကောင်းမွန်ပြီး ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အမှိုက်စွန့်ပစ်မှုနှင့်ပတ်သက်၍ လူထုကိုအသိပညာပေးပြီး ပြည်သူလူထု ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသည့် ဌာနများအနေဖြင့်လည်း အမှိုက်စွန့်ပစ်သည့်စနစ် နှင့် အမှိုက်သိမ်းသည့်စနစ်တို့ကို ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ရန်လိုကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁) ၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## နိုင်ငံတော်၏ မေခရိုစီးပွားရေးအခြေအနေများကို စောင့်ကြည့်လေ့လာသုံးသပ်၍ ဆောင်ရွက်သင့်သည့်အစီအမံများကို ပုံမှန်အကြံပြုတင်ပြနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် မေ ၁၄

နိုင်ငံတော်၏ မေခရိုစီးပွားရေး အခြေအနေဖြစ်ပေါ်မှု ကိန်းဂဏန်း၊ အချက်အလက်များကို စောင့်ကြည့် လေ့လာသုံးသပ်၍ ကာလတိုနှင့် ကာလလတ်အတွက် ဆောင်ရွက်မည့်အစီအမံများ အကြံပြုတင်ပြနိုင်ရေး နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမောင်မောင်ဝင်း နှင့် ဒေါ်သန်းသန်းလင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနရှိ ဌာနအကြီးအကဲများ တက်ရောက် ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယခုအခါ နိုင်ငံတော်တွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုကို ကာကွယ်ထိန်းချုပ်ကုစားမှုများအရ လည်းကောင်း၊ နိုင်ငံရေးဖြစ်စဉ်များအရ လည်းကောင်း၊ နိုင်ငံတော်၏ မေခရိုစီးပွားရေး အခြေအနေများအပေါ် တိုက်ရိုက်သက်ရောက်မှုများ ရှိနေပါကြောင်း၊ မေခရိုစီးပွားရေး ညွှန်ကိန်းများတွင် အဓိကကျသည့် GDP၊ နိုင်ငံခြားငွေလဲလှယ်နှုန်း၊ ပို့ကုန်သွင်းကုန်အခြေအနေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ငွေကြေးဖောင်းပွမှုနှုန်း၊ စားသုံးသူ ဈေးဆနှုန်း ကိန်း၊ နိုင်ငံပိုင်အခွန်ရင်းနှီးမြှုပ်နှံမှု၊ ရငွေသုံးငွေ နှင့် ဘတ်ဂျက်လိုငွေ ဖြည့်ဆည်းမှု၊ အခွန်ကောက်ခံ ရရှိမှု၊ ပြည်တွင်းပြည်ပချေးငွေ၊ ပုဂ္ဂလိကကဏ္ဍသို့ ချေးငွေထုတ်ချေးမှုနှင့် ပြန်လည်ပေးဆပ်မှုစသည့် ကိန်းဂဏန်းအချက်အလက်များကို အပတ်စဉ်၊ လစဉ် သုံးလပတ်၊ ခြောက်လပတ်အလိုက် နှိုင်းယှဉ်၍ အကြံပြုသုံးသပ်ချက်၊ ဆောင်ရွက်သင့်သည့် အစီအမံ တို့ကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် သုံးသပ်တင်ပြရန် လိုအပ်ကြောင်း၊ ဌာနအသီးသီးက စုစည်းပေါင်းစပ် ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများနှင့် ဌာန အကြီးအကဲများက နိုင်ငံတော်၏ မေခရိုစီးပွားရေး ညွှန်ကိန်းများ စုစည်းရရှိမှု သုံးသပ်တင်ပြမည့် အစီအစဉ်၊ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အခြားဌာနများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ရမည့် အစီအမံများနှင့် Myanmar Sustainable Development Plan (MSDP) ပါ အချက်များ၊ COVID-19 Economic Relief Plan (CERP)၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက် (၃) ရပ်တို့ကို အခြေခံ၍ သုံးသပ်ရန်ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေး တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် သုံးသပ်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်တွေ့ဆုံ



နေပြည်တော် မေ ၁၄

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး/ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌဦးအောင်နိုင်ဦး သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်နယ် ရင်းနှီး မြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များနှင့် ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေပါပြဋ္ဌာန်းချက်များအရ ရှမ်း ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီက ဆက်လက် ဆောင်ရွက်ရန် လုပ်ငန်းများကို ဆွေးနွေးသည်။ ဆက်လက်၍ ပြည်နယ်အတွင်းရှိ ကုန်ထုတ်လုပ်မှု လုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီး မြှုပ်နှံမှု ပိုမိုတိုးတက်ရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်မှုကဏ္ဍ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ အချိန်တိုအတွင်း ရလဒ် ကောင်းများရရှိမည့် လုပ်ငန်းများကို ဦးစားပေး လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် တင်ပြလျှောက်ထားမှုများကို ဥပဒေ ပြဋ္ဌာန်းချက်ပါ သတ်မှတ်ကာလအတွင်း ပြီးပြတ် အောင် စိစစ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံသားကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှု လုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေး နှင့် ရင်းနှီးမြှုပ်နှံသူများအတွက် အထောက်အကူပြု စေမည့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်တစ်ရပ် ဖြစ်ပေါ် လာစေရေး ဌာနများက ဝိုင်းဝန်းကူညီ ဆောင်ရွက် ပေးရန်ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးပြောကြား**

ထို့နောက် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ/ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ရှေ့ဆက် ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု မြင့်တင်ရေးအတွက် ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးရန် ကိစ္စများ ကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးသို့သွားရောက်၍ ရုံးလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဝန်ထမ်း အိမ်ရာသို့လည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံကာ အခက်အခဲများကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဖော်ထုတ်ထိန်းသိမ်းရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ဒုတိယနေ့သို့ တက်ရောက်

**နေပြည်တော် မေ ၁၄**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဖော်ထုတ်ထိန်းသိမ်းရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ဒုတိယနေ့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅) ယဉ်ကျေးမှုရတနာခန်းမ နေပြည်တော်၌ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ယနေ့ ဆက်လက်ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ(ငြိမ်း) ဦးခင်အောင်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်သော ဦးအေးထွန်း၊ ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး(ငြိမ်း)ဒေါ်စန္ဒာခင်၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဌာနမှညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ သတင်းမီဒီယာများ၊ စာတမ်းရှင်များ၊ စိတ်ဝင်စား၍ တက်ရောက်သည့် ပုဂ္ဂိုလ်များနှင့် ဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်သည်။

နံနက်ပိုင်းတွင် စာတမ်းရှင်ဒေါ်ဥမ္မာ(ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်ဌာနခွဲ)က "ပုဂံ ဒေသရှိ အနုလက်ရာဆိုင်ရာ ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ချက်များအား လေ့လာတင်ပြချက်စာတမ်း"၊ စာတမ်းရှင် ဒေါ်ဇာဇာလင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ မြောက်ဦးဌာနခွဲ)က "ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခဲ့သည့် အတွေ့အကြုံများအား ရှင်းလင်းတင်ပြခြင်းစာတမ်း"၊ စာတမ်းရှင် ဒေါ်ခင်ဆွေဝင်း(ဦးစီးအရာရှိ၊ မန္တလေးဌာနခွဲ)က "ပင်းယ-အင်းဝ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း နံရံဆေးရေးပန်းချီရှိသော ရှေးဟောင်းအဆောက်အအုံများ၏ မျက်မှောက်အခြေအနေ စစ်ဆေးခြင်းမှတ်တမ်းစာတမ်း" တို့ကို ဖတ်ကြားကြသည်။

မွန်းလွဲပိုင်းတွင် စာတမ်းရှင်ဒေါ်အိသန္တာ(ဦးစီးအရာရှိ၊ အမျိုးသားပြတိုက်၊ ရန်ကုန်)က "ရတနာပုံခေတ်ပြခန်းတွင် ပြသသင့်သောမြို့တည်၊ နန်းတည်သတ္တဌာန ပြယုဂ်စာတမ်း"၊ စာတမ်းရှင် ဒေါ်ဥမ္မာအောင်(အငယ်တန်းအင်ဂျင်နီယာ-၂၊ ပုဂံဌာနခွဲ)က "အိန္ဒိယနိုင်ငံပညာရှင် (ASI)အဖွဲ့နှင့်ပူးပေါင်း၍ ပုဂံ အာနန္ဒာဘုရား ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ချက် သုတေသနစာတမ်း"၊ စာတမ်းရှင် ဦးရဲရင့်ဦး (ဒုတိယဦးစီးမှူး၊ ပုဂံဌာနခွဲ)က "ပုဂံဒေသရှိကျောက်ဖြင့် တည်ဆောက်ထားသော ဘုရားအမှတ် (၁၂၃၉) နန်းဘုရားအား ဂျာမဏီနိုင်ငံ(Cologne Institute of Conservation Science) အဖွဲ့နှင့် ထိန်းသိမ်းခြင်းလုပ်ငန်းပူးပေါင်းဆောင်ရွက်ခဲ့မှု သုတေသနစာတမ်း" နှင့် စာတမ်းရှင် ဒေါ်မှူးစန္ဒြာခင်(ဒုတိယဦးစီးမှူး၊ အမျိုးသားပြတိုက်၊ နေပြည်တော်)က "Safeguarding Measures of Intangible Cultural Heritage" စာတမ်းတို့ကို ဖတ်ကြားတင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့် ဒေါက်တာပွင့်ဆန်း သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နေသည့်စက်ရုံများ ကြည့်ရှုအားပေး



**နေပြည်တော် မေ ၁၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးတို့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိစက်မှုဇုန် မဥ္ဇူသက လမ်းရှိ MYANMAR GOLDEN PRODUCE CO., LTD ၏ သစ်သီးဝလံ တန်ဖိုးမြှင့် ထုတ်လုပ်သည့် စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် MYANMAR GOLDEN PRODUCE CO.,LTD မှ ဒေါ်လွဲ့လွဲ့ဦးနှင့် တာဝန်ခံတို့က မြန်မာ့စိန်တစ်လုံး သရက်သီးအပါအဝင် သစ်သီးဝလံများ တန်ဖိုးမြှင့်ထုတ်လုပ်ပြီး ပြည်တွင်းပြည်ပ ဈေးကွက်သို့ တင်ပို့ဖြန့်ဖြူးမှုနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများက စိုက်ပျိုးရေးကို အခြေခံသည့် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ခြင်းများကို အားပေးမြှင့်တင်ရန် လာရောက်ကြည့်ရှုခြင်းဖြစ်ပါကြောင်း၊ ကုန်ကြမ်းစုဆောင်းမှု၊ ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်မှု၊ ပြည်ပတင်ပို့မှု စသည့်ကဏ္ဍများအလိုက် တွေ့ကြုံနေရသည်များကို ဆက်နွှယ်သည့်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

မြန်မာ့ထုတ်ကုန်များ ပြည်ပဈေးကွက်ရရှိရေး၊ ဈေးကွက်ခိုင်မာရေး၊ ဈေးကွက်သစ်များရရှိရေးတို့ကို ပြည်ပနိုင်ငံများ၌ ခန့်အပ်တာဝန်ပေးအပ်ထားသည့် စီးပွားရေးသံမှူးများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ ရေရှည်တည်တံ့ ထုတ်လုပ်တင်ပို့နိုင်ရန်အတွက် စိုက်ပျိုးရေးကဏ္ဍ၌ သွင်းအားစုများ၊ နည်းပညာများကို ပံ့ပိုးပေးနိုင်မည့် တတိယအဖွဲ့အစည်းပေါ်ပေါက်လာရေးကိုလည်း အားပေးမြှင့်တင်သွားရ မည်ဖြစ်ပါကြောင်း မှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ကြိမ်အင်းကျေးရွာ မြို့ရှောင်လမ်းရှိ MYANMAR AGRI FOODS CO.,LTD ၏ ဟင်းသီးဟင်းရွက် အခြောက်ခံစက်ရုံသို့ သွားရောက်ပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ သတ္တုလုပ်ငန်းများနှင့် ပတ်သက်၍ လျှောက်ထားလာသော ကိစ္စရပ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၄**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို မှန်ကန်အကျိုးရှိစွာ အသုံးချနိုင်ခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ အပါအဝင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများအပေါ်တွင် တည်ဆဲဥပဒေများနှင့်အညီ လုပ်ကိုင်ခွင့်များ ခွင့်ပြုပေးလျက်ရှိရာ ခဲတတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းများအတွက် သတ္တုတွင်း ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်အရလည်းကောင်း၊ အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်အရလည်းကောင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီက စိစစ်ခွင့်ပြုပေးလျက်ရှိသည်။



မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ သတ္တုလုပ်ငန်းများနှင့်ပတ်သက်၍ လျှောက်ထားလာသော ကိစ္စရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သတ္တုတွင်း ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အစည်းအဝေးတွင် တည်ဆဲမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေများနှင့်အညီ သတ္တုလုပ်ငန်းဆိုင်ရာ လျှောက်ထားရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်ဆိုင်ရာများ၊ ပြစ်မှုနှင့် ပြစ်ဒဏ်ဆိုင်ရာများ၊ မြန်မာ့သတ္တုတွင်း ဥပဒေအရ ခဲတတ်သတ္တုထုတ်လုပ်ခြင်းနှင့် လုပ်ကိုင်ခွင့်ဆိုင်ရာများ၊ သတ္တုလုပ်ငန်းဆိုင်ရာ လျှောက်ထားလာသော ကိစ္စများအတွက် နမူနာတင်ပြသည့်လုပ်ငန်းစာတွဲများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများပေါ်တွင် သတ္တုလုပ်ငန်းဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိပြီးပါကခဲတတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်းအပေါ် မြေခွန်ကင်းလွတ်ခွင့်ပြုထားပြီး ခဲတတ်သတ္တုထုတ်လုပ်ခြင်းအတွက် မြေခွန်ကင်းလွတ်ခွင့်ကာလ ငါးနှစ် သတ်မှတ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# သတင်းအမှားဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ လူမှုကွန်ရက်စာမျက်နှာ(Facebook)၌ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံးအနေဖြင့် ရွေးကောက်ပွဲမှတ်ပုံတင်ကြေး (ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေ)ပေးသွင်းခဲ့သည့် ငွေကျပ်သုံးသိန်းကို ဇွန်လ ၁ ရက်နေ့မှစ၍ ထုတ်ယူနိုင်ပြီဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် မေလ ၁၂ ရက်နေ့ ရက်စွဲဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတင်းထုတ်ပြန်ထားသကဲ့သို့ သတင်းအမှားအား လွှင့်တင်ထားသည်ကို တွေ့ရှိရပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ လွှတ်တော်နည်းဥပဒေများ **၃၈** အရသာ ဆောင်ရွက်လျက်ရှိပြီး ၎င်းသတင်းထုတ်ပြန်ချက်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကထုတ်ပြန်သည့် ထုတ်ပြန်ချက်မဟုတ်ဘဲ သတင်းအမှားဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**






# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်အစည်းအဝေး(၁ / ၂၀၂၁)သို့ တက်ရောက်

**နေပြည်တော် မေ ၁၄**

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်အစည်းအဝေး (၁/၂၀၂၁)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်ရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၌ စီးပွားရေးလုပ်ငန်းများအပေါ် အကာအကွယ်ပေးနိုင်မည့် ဥပဒေများ အခိုင်အမာ ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် ယှဉ်ပြိုင်မှုဥပဒေကို ၂၀၁၅ ခုနှစ်တွင် ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း၊ ပြည်ပကုန်သွယ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးတို့တွင် အထောက်အကူဖြစ်စေနိုင်သကဲ့သို့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်လည်း များစွာ အထောက်အကူဖြစ်စေနိုင်ပါကြောင်း၊ မိမိတို့ ယှဉ်ပြိုင်မှုကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များသည် စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်မည့် ဆောင်ရွက်ချက်များ ဖြစ်စေရေးကိုလည်း အထူးအလေးထား ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ကော်မရှင်တွင် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသာမက အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပညာရှင်များပါ ပါဝင်သည့်အတွက် သက်ဆိုင်ရာ နယ်ပယ်အလိုက် အတွေ့အကြုံများကို ပွင့်လင်းစွာ ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မရှင်ပုံမှန်အစည်းအဝေးကို ကျင်းပရာ(၂/၂၀၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ လက်ခံရရှိထားသော တိုင်ကြားမှုများနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်နေမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ကော်မရှင်ရုံးတာဝန်ရှိသူက ရှင်းလင်းတင်ပြ ဆွေးနွေးရာ ကော်မရှင်အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

☆ **ရွှေပြည်မှ**

"အလုပ်ရှင်၊ အလုပ်သမားက အလုပ်လုပ်ရတာကို မကြောက်ဘူး။ အလုပ်လုပ်လို့ မရမှာကိုဘဲ ကြောက်ကြတာ။ ပြီးတော့ ငွေကြေးနဲ့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံလည်ပတ်ရတဲ့ လုပ်ငန်းဖြစ်တာကြောင့် ငွေကြေးတည်ငြိမ်မှုဟာ အလုပ်သမားတွေ လစာ အဆင်ပြေစေတဲ့အထိ သက်ရောက်မှုရှိပါတယ်။ အထည်ချုပ်လုပ်ငန်းဆိုတာ မေလနဲ့ဇွန်လကို အဓိကထားပြီး လုပ်ကိုင်ကြတာများတယ်။ မိုးရာသီမှာ ချုပ်လုပ်ဖို့ အမှာစာတွေရှိတယ်။ လုပ်ငန်းစဖို့ အကြောင်းမကြားသေးဘူး။ မြန်မာပြည်ကနေ ဥရောပ၊ အာရှနိုင်ငံအစုံကို အထည်ပစ္စည်းတွေ တင်ပို့နေတာဖြစ်တဲ့အတွက် ရွှေလင်ပန်းစက်မှုဇုန်က အလုပ်သမားတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရနေပါတယ်"ဟု ရွှေလင်ပန်းစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရွှေလင်ပန်းစက်မှုဇုန်ရှိစက်ရုံပေါင်း ၄၀၀ ကျော်တွင် လုပ်သား ၁၂၀၀၀၀ ကျော်ရှိပြီး စက်ရုံ ၃၀၀ ခန့် လည်ပတ်လျက်ရှိရာ ကျန်သောစက်ရုံ ၁၀၀ ခန့်မှာ အလုပ်သမားအခက်အခဲကြောင့် ရပ်နားထားခြင်းဖြစ်၍ ထိုရပ်နားမှုတွင် အထည်ချုပ်စက်ရုံ အများဆုံး ပါဝင်ကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ စက်မှုဇုန်ပေါင်း ၂၉ ဇုန်မှ စက်ရုံများ လုပ်ငန်းအဆင်ပြေစွာလည်ပတ်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ ဌာနပေါင်းစုံမှ One Stop Service အနေဖြင့် ရုံးခန်းဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပြီး သက်ဆိုင်ရာစက်မှုဇုန်တို့ရှိ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံးများ၌ စက်ရုံလုပ်ငန်းရှင်တို့လိုအပ်သော အကူအညီကို ဆောင်ရွက်ပေးလျက်ရှိသည်။ အထည်ချုပ်စက်ရုံ အများဆုံး တည်ရှိရာ လှိုင်သာယာရွှေလင်ပန်းစက်မှုဇုန်၌ စက်ရုံအလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**သတင်း - ညိမ်းသူ၊ ဓာတ်ပုံ - ကန္နီး**

# ဧရာဝတီမြစ်အတွင်း ငါးမျိုးများစိုက်ထည့်

**နေပြည်တော် မေ ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ဧရာဝတီမြစ်အတွင်း ငါးမျိုးများစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မရမ်းခြံဆိပ်ကမ်းအနီး၌ ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်ညီတိုး၊ ဒုတိယ တိုင်းဦးစီးဌာနမှူး ဦးခင်မောင်ထွန်း၊ သရက်ကုန်းငါးလုပ်ငန်းစခန်း တာဝန်ခံ ဦးထွန်းနောင်ဝင်း၊ ရေနံ့သာစခန်းတာဝန်ခံ ဦးအေးလွင်နှင့် ဝန်ထမ်းများက သရက်ကုန်းငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးခုံးမကြီးကောင်ရေ ၂၀၀၀၀၀၊ ရေနံ့သာငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ရွှေဝါငါးကြင်း ကောင်ရေ ၁၀၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၃၀၀၀၀၀ ကို ဧရာဝတီမြစ် (မရမ်းခြံဆိပ်ကမ်းအနီး)အတွင်း ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# သိက္ခာမြင့်မြတ်၊ စိတ်ဓာတ်ဖြူစင်၊ တပ်မတော်ဆေးတပ်ဖွဲ့ဂုဏ်အင်

**မောင်မျိုးအောင်(ပန်းရော)**



ပြင်ဦးလွင်မြို့ တပ်မတော်ဆေးရုံ၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးစဉ်။

သုံးလူ့ထွတ်ထား မြတ်ဘုရားက "အာရောဂျံ ပရမံ လာဘံ "ဟု ကျန်းမာခြင်းသည် တုနှိုင်းမရသော အကြီးမြတ်ဆုံး လာဘ်ကြီးတစ်ပါးပင်ဖြစ်ကြောင်း ဟောကြားတော်မူခဲ့ပါသည်။ မြန်မာအဘိဓာန်တွင် ကျန်းမာခြင်းဟူသောစကားရပ်ကို "အနာရောဂါကင်းရှင်းခြင်းဟု" အဓိပ္ပာယ်ဖွင့်ဆိုထားပြီး အနာရောဂါဟူသော စကားရပ်အတွက်ကိုမူ "ကိုယ်၊ စိတ် အနာ နှစ်မျိုးလုံးပါဝင်သည်" ဟု ညွှန်းဆိုပြထားပါသည်။ အလားတူ ကျန်းမာခြင်းဟူသောစကားရပ်ကိုပင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(World Health Organization) ကမူ " ကျန်းမာခြင်းဆိုသည်မှာ ကိုယ်ခန္ဓာချို့ယွင်းချက်မရှိရုံသာမကဘဲ အနာရောဂါဝေဒနာကင်းရှင်းပြီး ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခတည်းဟူသော သုံးဖြာသောသုခတို့နှင့် ပြည့်စုံနေသည့်ဘဝကိုဆိုလိုသည်" ဟု အဓိပ္ပာယ်ရှင်းလင်းပြဆိုထားပါသည်။ ဆိုရပါမူ ကျွန်တော်တို့ လူသားများ ရှင်သန်ရပ်တည်ရာကမ္ဘာကြီးတွင် ကျန်းမာခြင်းသုခကို ပြည့်ဝစွာရရှိပိုင်ဆိုင်နိုင်မည်ဆိုပါက ငြိမ်းချမ်းသာယာပျော်ရွှင်သော ဘဝအသီးသီးကို ရရှိပိုင်ဆိုင်နိုင်လိမ့်မည်သာဖြစ်ပါသည်။

## ရှင်သန်ရပ်တည်နေကြရ

လူသားတို့သည် အသိုက်အဝန်းမတူသော်ငြား ရရှိထားသည့် ဘဝရှင်သန်ရေးအတွက် ရုန်းကန်ကြိုးစားတတ်သော အသိဉာဏ်၊ ခွန်အားများမှာ တူညီစွာရှိတတ်ကြပါသည်။ ယနေ့ကမ္ဘာကြီးရှိ လူသားတို့သည် အမျိုးအမည်မတူ၊ မျိုးစိတ်ကွဲပြားသည့် ကြောက်မက်ဖွယ်ရာ ရောဂါဆိုးများကြား ဒုက္ခပင်လယ်ဝေကာ ရှင်သန်ရပ်တည်နေကြရသည်။ လူသားတိုင်းသည် ပုထုဇဉ်ပီသစွာပင် နေထိုင်ခွင့်ရသည့်လူ့ဘဝအား ကျန်းမာအသက်ရှည်စွာ ရပ်တည်လိုကြသည်။ ကျန်းမာရေးချို့ယွင်းမှုမှန်သမျှသည် လူ၊ စိတ် စသည်တို့သာမက ပတ်ဝန်းကျင်သို့တိုင် အဆင်မပြေမှုပေါင်းစုံနှင့် ကြုံရလေသည်။ ကျန်းမာကြံ့ခိုင်နေသူတစ်ဦးအဖို့မူ မိမိလုပ်ဆောင်လိုသည့် အရာမှန်သမျှကို စွမ်းဆောင်နိုင်စွမ်းရှိသည်။ အထူးသဖြင့် ပညာရေး၊ လူမှုရေး၊ စီးပွားရေး စသည့် နေ့စဉ်လုပ်ငန်းဆောင်တာများကို အခက်အခဲမရှိ ရွှင်လန်းတက်ကြွပြီး အားအင်အပြည့်ဖြင့် လုပ်ဆောင်နိုင်မည်ဖြစ်သည်။ လူသားတိုင်းတွင် ပါရမီဟုခေါ်ဆိုရမည့် မွေးရာပါစွမ်းဆောင်ရည်များ ကိုယ်စီပါရှိလာကြရာ ကျန်းမာနေမှသာလျှင် ထိုစွမ်းဆောင်ရည်များ တစ်နည်းအားဖြင့် ပါရမီများကို အပြည့်အဝ ထုတ်ဖော်အသုံးချနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူတိုင်းအတွက် ကျန်းမာရေးသည်သာ အခရာဖြစ်သည်ဟု ဆိုနိုင်မည်ဖြစ်ပါသည်။

လူတစ်ဦးအနေဖြင့် မိမိချစ်သော မိသားစုနှင့် အတူ ကျန်းမာပျော်ရွှင်စွာ အတူတကွနေထိုင်နိုင်ရေးအတွက် မိမိ၏တစ်ကိုယ်ရေ တစ်ကာယကိုလည်း အလေးထားရန် လိုအပ်သကဲ့သို့ ကျန်းမာရေးနှင့် ညီညွတ်သော ပတ်ဝန်းကျင်ကောင်းဖြစ်ထွန်းရေးကိုလည်း အလေးထားရန်လိုအပ်ပါသည်။ ထို့အတူ မိမိ၏ကျန်းမာရေးအား မစောင့်ရှောက်နိုင်ဘဲ ရောဂါဖြစ်ပွားပါက ကုသပေးနိုင်သည့် ဆရာဝန်၊ သူနာပြုစသည့် လူသားတို့၏ကျန်းမာရေးကို စောင့်ရှောက်မှုပေးသော ကျန်းမာရေးဝန်ထမ်းအဖွဲ့အစည်းသည်လည်း လိုအပ်မည်ဖြစ်ပါသည်။ အစိုးရအဖွဲ့အစည်းများကလည်း ပြည်သူတစ်ဦးချင်းစီ၏ ကျန်းမာရေးအပါအဝင် လိုအပ်သော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများအတွက် ပြည့်စုံထိရောက်သော မဟာဗျူဟာ၊ နည်းဗျူဟာများ ရေးဆွဲဆောင်ရွက်လျက်ရှိကြပါသည်။ ပြည်သူ့အကျိုးကို ရည်မျှော်ဖွဲ့စည်းထားသော အစိုးရမဟုတ်သောအဖွဲ့အစည်းများကလည်း လိုအပ်ချက်များအပေါ်မူတည်၍ စေတနာဖြင့် လှူဒါန်းထောက်ပံ့ခြင်း၊ စည်းရုံးလမ်းပြခြင်း၊ ကူညီဖြေရှင်းခြင်းများ ပြုလုပ်ဆောင်ရွက်သွားရပါမည်။ အလားတူပင် ပြည်သူလူထုအနေဖြင့်လည်း ကျန်းမာရေးအသိနှင့် ဗဟုသုတပြည့်စုံအောင် လေ့လာဆည်းပူးကာ မိမိကိုယ်တိုင်မှအစပြု၍ လူ့အဖွဲ့အစည်းသို့တိုင် တာဝန်သိသိပူးပေါင်းမှသာ ကမ္ဘာကြီးသည် ကျန်းမာကောင်းမွန်သော လောကသစ်ကြီးအဖြစ် ရပ်တည်နိုင်မည်ဖြစ်ပါသည်။

ပြည်သူ့ကျန်းမာရေးကို မိမိကိုယ်တိုင်၏အတ္တကို ပယ်သတ်၍ ပရစိတ်အပြည့်မွေးမြူကာ စောင့်ရှောက်ခဲ့သည့် ကျန်းမာရေးသူရဲကောင်းများသည် ရှည်လျားလှသော သမိုင်းစဉ်တစ်လျှောက်အတွင်း ကမ္ဘာ့နိုင်ငံများတွင်သာမက မြန်မာနိုင်ငံတွင်ပါရှိခဲ့ကြသည်။ အနီးစပ်ဆုံးသက်သေအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ကျန်းမာရေးဝန်ထမ်းများသည် ပြည်သူများ၏အသက်ကို ကာကွယ်မှုပြုနိုင်ရေးအတွက် မိမိတို့ကိုယ်တိုင် စွန့်လွှတ်သည့်စိတ်ဖြင့် ရှေ့တန်းစစ်မျက်နှာပြင်သဖွယ် စွန့်စွန့်စားစား ကယ်တင်ဆောင်ရွက်ပေးခဲ့ကြသည်။ ပြည်သူများ၏အသက်ခန္ဓာကို ကယ်ဆယ်စောင့်ရှောက်ရေးအတွက် မိမိကိုယ်ကိုအလေးမထားနိုင်ဘဲ အားမာန်ခဲကာ အနစ်နာခံဆောင်ရွက်ခဲ့ကြသည့် ကျန်းမာရေးဝန်ထမ်းများအား ကမ္ဘာ့နိုင်ငံများတွင်သာမက မြန်မာနိုင်ငံတွင်လည်း အထင်ကရရှိခဲ့ပါသည်။ ၎င်းတို့၏ စိတ်တွင် မေတ္တာရှေ့ထားဆက်ဆံခြင်း၊ သနားကြင်နာ၊ ကရုဏာထားရှိခြင်း၊ အရာရာကို သန့်ရှင်းစင်ကြယ်သောနှလုံး၊ ဖြောင့်မတ်မှန်ကန်သောစရိုက်တို့ဖြင့် ပြုမူဆောင်ရွက်ခဲ့ကြောင်း ၎င်းတို့၏မျက်နှာသွင်ပြင်နှင့် လှုပ်ရှားမှုများက ထင်ဟပ်နေပေသည်။ ရုပ်အဆင်းအားနည်းမှုရှိနေစေကာမူ စိတ်နှလုံးဖြူစင်သူ၏ အသွင်သဏ္ဌာန်သည် အေးချမ်းတည်ငြိမ်ဖြောင့်မတ်သည့်ဥပမိရုပ်ကို ပေါ်လွင်စေ၏။ ထိုစိတ်ကောင်းရှိခြင်းသည် လူ့တန်ဖိုးပင်ဖြစ်ကြောင်းကို " ဝမ်းတွင်းပိုက်သို၊ လူဟုဆိုက၊ ရုပ်ကိုမကြည့်၊ စိတ်ကိုကြည့်လော့ " ဟု မန်လည်ဆရာတော်၏ မိန့်မှာစကားကိုမှတ်သားခဲ့ရဖူး၏။ ထိုသို့သော စိတ်ထားကောင်းများရှိခြင်းဖြင့် လူပီသသည့် ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။

သူတစ်ပါးကို ကူညီစောင့်ရှောက်ပေးခြင်း တစ်နည်းအားဖြင့် မွန်မြတ်လှသော ပရဟိတလုပ်ငန်းသည် မိမိအတွက်ကောင်းကျိုးချမ်းသာကို ပြန်လည်ရရှိသည်။ ကျန်းမာရေးချို့တဲ့နေသူကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းသည် လူတိုင်းလုပ်ဆောင်နိုင်ခဲသောအရာပင်ဖြစ်သည်။ ဆရာဝန်များ၊ သူနာပြုများ အစရှိသည့် ကျန်းမာရေးဝန်ထမ်းများသည် ပြည်သူများအတွက် မြင့်မြတ်သည့်သမားဂုဏ်ကို ဖော်ဆောင်ပြီး တိုင်းပြည်၏ ကျန်းမာရေးကဏ္ဍတစ်ရပ်လုံးအား ဦးဆောင်ထိန်းမတ်နေကြသူများဖြစ်သည်။ ဆေးပညာလောက၏ ဖခင်ကြီးဖြစ်သူ ဟစ်ပိုကရေးတီးစ်က " First , Do No Harm " ဟု ဆိုခဲ့ပြီး မိမိကြောင့် လူနာများဘေးမဖြစ်စေရေး ညွှန်ပြခဲ့သည်။ ဆရာဝန်များအားလုံးသည် ဟစ်ပိုကရေးတီးစ်၏ ပဋိညာဉ်ကိုရွတ်ဆိုပြီး လိုက်နာစောင့်ထိန်းပါမည်ဟု ကတိသစ္စာပြုထားသူများဖြစ်ပါသည်။ ၎င်းသစ္စာ၏ ပထမဆုံးအချက်တွင် " **ကျွန်ုပ်သည် လူသားအားလုံးတို့၏ ကိုယ်၏ကျန်းမာရေး၊ စိတ်၏ကျန်းမာရေးကို ကျွန်ုပ်၏အရေးကဲ့သို့ ယူဆပါအံ့**" ဟု ပါဝင်ထားပြီး မည်သူ့ကိုမဆို အရေးပေါ်ကျန်းမာရေး လိုအပ်ချက်ရှိလာမည်ဆိုလျှင် အကောင်းဆုံးအကူအညီပေးပါမည်။ လူနာများ၏ အခွင့်အရေးများကိုလေးစားပါမည်။ ပညာပိုင်းဆိုင်ရာ အသုံးချမှုနှင့် ဆုံးဖြတ်ချက်များအား နိုင်ငံရေး၊ လူမှုရေးတို့၏ သက်ရောက်မှုများမှကင်းဝေးပြီး အတတ်နိုင်ဆုံး သမားဂုဏ်နှင့်အညီ လုပ်ဆောင်မည် စသည်ဖြင့် ပါရှိပါသည်။

## ပြည်သူ့သားကောင်း

ဆရာဝန်၊ သူနာပြုများသည် တိုင်းပြည်တွင် မည်သည့်အခြေအနေ အချိန်အခါမဆို ရန်သူ၊ မိတ်ဆွေမရွေး၊ အယုတ်၊ အလတ်၊ အမြတ်မရွေးဘဲ လူနာများအား ရင်ဝယ်သားကဲ့သို့ စေတနာထားကာ သစ္စာမပျက် ပြုစုကုသစောင့်ရှောက်ခဲ့ကြရပါသည်။ ထို့ကြောင့်လည်း " ပြည်သူ့သားကောင်း " များအဖြစ် ပြည်သူများက ချစ်မြတ်နိုးအသိအမှတ်ပြုခဲ့ကြသည်။ မြန်မာနိုင်ငံသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် မျှော်လင့်မထားသည့် နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်တစ်ရပ်နှင့် ကြုံတွေ့ခဲ့ရသည်။ ထိုနိုင်ငံရေး အပြောင်းအလဲကိုမူတည်၍ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့သည်။ နိုင်ငံ့ဝန်ထမ်းဟူသည် လက်နက်ကိုင်တပ်ဖွဲ့များ၊ အုပ်ချုပ်ရေးတွင် တာဝန်ထမ်းဆောင်နေကြရသူများကိုဆိုလိုပြီး ပြည်သူ့ဝန်ထမ်းများမှာ ပြည်သူလူထုနှင့် အမြဲမပြတ်ထိတွေ့ဆက်ဆံနေရသော ပညာရေး၊ ကျန်းမာရေး အစရှိသည့် ဝန်ထမ်းများကိုဆိုလိုကြောင်း မှတ်သားဖူးပါသည်။ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ကာ ပြည်သူ့ဝန်ကိုပါ ထမ်းဆောင်ခွင့်ရရှိခြင်းမှာ ထူးကဲလှသောကုသိုလ်ဟု သဘောရပါသည်။ ဆိုလိုသည်မှာ နိုင်ငံ့ဝန်ထမ်းများသည် တစ်နည်းအားဖြင့် အစိုးရ၏လုပ်ဖော်ကိုင်ဖက်များသာဖြစ်ပြီး တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးကို ရှေးရှုဆောင်ရွက်ရမည်သာဖြစ်ပါသည်။ ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဟု **နိုင်ငံ့ဝန်ထမ်းဥပဒေ**တွင် ပြဋ္ဌာန်းထားရှိပါသည်။ မြန်မာနိုင်ငံသည် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့်အတူ ပါတီစုံဒီမိုကရေစီနိုင်ငံရေး စနစ်အား ပြောင်းလဲကျင့်သုံးခဲ့ပြီး ဒီမိုကရေစီစနစ်အရ ရွေးကောက်ပွဲပြုလုပ်သည့်အချိန်တွင် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်သူများအနေဖြင့် မိမိတို့နှစ်သက်ရာပါတီအား ဆန္ဒမဲပေးနိုင်သော်လည်း တာဝန်ချိန်တွင်မူ နိုင်ငံတော်အတွက်သာ ဦးတည်ဆောင်ရွက်ရမည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းသည် မည်သည့်အစိုးရတာဝန်ယူသည်ဖြစ်စေ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရမည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်သည်။

## မြှောက်ပင့်သွေးထိုးမှု

သို့သော် နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်တွင် အချို့သောဝန်ထမ်းများ အနေဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကာ Civil Disobedience Movement (CDM)တွင် ပါဝင်ခြင်း၊ အခြားသူများ ပါဝင်လာစေရန် လှုံ့ဆော်မှုအချို့ပြုလုပ်လာကြပါသည်။ ဖေဖော်ဝါရီလ ၃ ရက်မှစ၍ နိုင်ငံတော်နှင့်ပြည်သူအပေါ် ထာဝစဉ်စောင့်ထိန်းလာခဲ့သည့် ကျန်းမာရေးသစ္စာအဓိဋ္ဌာန်ကို ပျက်ယွင်းဖောက်ဖျက်လာသော ကျန်းမာရေးဝန်ထမ်းအချို့ CDM လှုပ်ရှားမှုတွင် ပါဝင်လာခဲ့သည်။ ဆေးဝန်ထမ်းအချင်းချင်း ဖိအားပေးအကျပ်ကိုင်မှု၊ တစ်ဦး၊ တစ်ယောက်၊ တစ်ပါတီအတွက် နိုင်ငံကို ချနင်းလိုသော နိုင်ငံရေးသမားများ၏ မြှောက်ပင့်သွေးထိုးမှုများကြောင့် ရောဂါဝေဒနာခံစားနေရသော အပြစ်မဲ့ပြည်သူများကို စွန့်ခွာခဲ့ကြသည်။ သမိုင်းကောင်းနှင့်ပြည့်ဝ၍ ပုံရိပ်အရလှခဲ့သော ကျန်းမာရေးသူရဲကောင်းတို့၏ ပုံရိပ်သည် ကျန်းမာရေးကမ္ဘာ့သမိုင်းစာမျက်နှာထက်တွင် **စာမျက်နှာ ၇ သို့** ❐

- **ဆရာဝန်များအားလုံးသည် ဟစ်ပိုကရေးတီးစ်၏ ပဋိညာဉ်ကိုရွတ်ဆိုပြီး လိုက်နာစောင့်ထိန်းပါမည်ဟု ကတိသစ္စာပြုထားသူများဖြစ်**
- **၎င်းသစ္စာ၏ ပထမဆုံးအချက်တွင် "ကျွန်ုပ်သည် လူသားအားလုံးတို့၏ ကိုယ်၏ကျန်းမာရေး၊ စိတ်၏ကျန်းမာရေးကို ကျွန်ုပ်၏အရေးကဲ့သို့ ယူဆပါအံ့" ဟု ပါဝင်ထားပြီး မည်သူ့ကိုမဆို အရေးပေါ်ကျန်းမာရေးလိုအပ်ချက် ရှိလာမည်ဆိုလျှင် အကောင်းဆုံးအကူအညီပေးပါမည်။ လူနာများ၏ အခွင့်အရေးများကို လေးစားပါမည်။ ပညာပိုင်းဆိုင်ရာ အသုံးချမှုနှင့် ဆုံးဖြတ်ချက်များအား နိုင်ငံရေး၊ လူမှုရေးတို့၏ သက်ရောက်မှုများမှကင်းဝေးပြီး အတတ်နိုင်ဆုံး သမားဂုဏ်နှင့်အညီလုပ်ဆောင်မည် စသည်ဖြင့်ပါရှိ**

❒ စာမျက်နှာ ၆ မှ

အကျည်းတန်ခဲ့ရသည်။ ကျန်းမာရေးဝန်ထမ်းအချို့၏ CDM တွင် ပါဝင်မှုများကြောင့် ဆေးရုံများခေတ္တပိတ်ထားခဲ့ရသည့်အတွက် ရပ်ရွာအတွင်းမှ ဝေဒနာရှင် ပြည်သူများ၊ ကျန်းမာရေးအတွက် ပုံမှန်စစ်ဆေးကုသရမည့် ပြည်သူများ၊ အရေးပေါ်ခွဲစိတ်ကုသရန်လိုအပ်သည့် ပြည်သူများ၊ ကလေးမီးဖွားရန် အခက်အခဲရှိလာသည့် မိခင်လောင်းများကဲ့သို့သော ငွေကြေးကုန်ကျမှုသက်သာသော ပြည်သူ့ဆေးရုံကို အားကိုးအားထားပြုနေရသည့် အခြေခံလူတန်းစားများအတွက် မှီတွယ်အားကိုးရာ ဗလာနတ္ထိဟုဆိုရမည်ဖြစ်သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့အထိ တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် ဆေးရုံ ၁၂၆၂ ရုံရှိသော်လည်း ဆေးရုံဖွင့်လှစ်ပြီး ကုသပေးသည့်ဆေးရုံ ၇၇၈ ရုံ၊ ဆေးရုံဖွင့်လှစ်ထားသော်လည်း ကုသပေးခြင်းမရှိသည့်ဆေးရုံ ၂၇ ရုံရှိပြီး လုံးဝဆေးရုံပိတ်ထားသည့် ဆေးရုံ ၃၅၇ ရုံရှိခဲ့သည်။ ထိုသို့သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ရပ်ဆိုင်းသွားသည့်ကာလတွင် ရောဂါအခြေအနေ စိုးရိမ်ရ၍ အရေးပေါ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်နေစဉ်အတွင်း လမ်းခရီး၌ပင် အသက်ဆုံးပါးသွားခဲ့ရသူများ၊ ဆရာဝန်၊ ကျန်းမာရေးဝန်ထမ်းများ၏ စောင့်ရှောက်မှုမရသဖြင့် တိမ်းပါးသွားရသူများစွာ ရှိခဲ့သည်မှာ စိတ်မချမ်းမြေ့ဖွယ်ရာပင်ဖြစ်သည်။

### သတိပြုမိသွားနိုင်

ထိုသို့ ကျန်းမာရေးဝန်ထမ်းများ၏ CDM မှာ ပါဝင်ခြင်းကြောင့် အဓိကရိုက်ခတ်မှုခံစားရသည်မှာ အောက်ခြေအဆင့် ပြည်သူလူထုများဖြစ်သည် ဆိုသည်ကို သတိပြုသင့်သကဲ့သို့ နိုင်ငံတကာမှ အမြင်ကိုလည်း အလေးအနက်တွေးတောမိရန် လိုအပ်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံဖွား၊ မြန်မာနိုင်ငံသား ဆရာဝန်၊ သူနာပြုအချို့သည် ပြည်ပနိုင်ငံအနှံ့အပြားတွင် ကျန်းမာရေးဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်နေကြပါသည်။ မြန်မာနိုင်ငံမှ ဆရာဝန်၊ သူနာပြုများသည် စိတ်ရှည်သည်းခံခြင်း၊ ကရုဏာတရားကြီးမားခြင်း စသည့်အချက်များကို အခြေတည်၍ အောင်မြင်မှုများရရှိနေသည်ကိုလည်း ကောင်းသတင်းအဖြစ် ကြားသိရပါသည်။ ယခု ကျန်းမာရေးဝန်ထမ်းများ၏ CDM လှုပ်ရှားမှုကို ကမ္ဘာမှလည်း မီဒီယာအသီးသီးမှတစ်ဆင့် သိရှိနေကြသည်ဖြစ်ရာ မြန်မာနိုင်ငံမှ ကျန်းမာရေးဝန်ထမ်းများသည် နိုင်ငံရေးအရ အမြင်မတူသည်နှင့် လူနာများကိုပင် စွန့်ပစ် ပစ်ခွာတတ်သည်ဟူသော အသိကိုလည်း သတိပြုမိသွားနိုင်ပေသည်။ ၎င်းအသိ၏ ရိုက်ခတ်မှုသည် ပြည်ပနိုင်ငံအသီးသီးရှိ ကျန်းမာရေးဝန်ထမ်းများကိုသာမကဘဲ နောင်အနာဂတ်တွင် ပြည်ပနိုင်ငံများသို့ သွားရောက်တာဝန်ထမ်းဆောင်ခြင်း၊ ပညာတော်သင်စေလွှတ်ခံရသည့်အတွက် ပညာသင်ကြားရန် သွားရောက်ခြင်းတို့အထိပါ ရိုက်ခတ်လာဖွယ်ရှိသည်ကိုလည်း အထူးဂရုပြုသင့်ပေသည်။

- ဖေဖော်ဝါရီလ ၃ ရက်မှစ၍ နိုင်ငံတော်နှင့်ပြည်သူအပေါ် ထာဝစဉ်စောင့်ထိန်းလာခဲ့သည့် ကျန်းမာရေးသစ္စာအဓိဋ္ဌာန်ကို ပျက်ယွင်းဖောက်ဖျက်လာသော ကျန်းမာရေးဝန်ထမ်းအချို့ CDM လှုပ်ရှားမှုတွင်ပါဝင်လာခဲ့
- ဆေးဝန်ထမ်းအချင်းချင်း ဖိအားပေးအကျပ်ကိုင်မှု၊ တစ်ဦး၊ တစ်ယောက်၊ တစ်ပါတီအတွက် နိုင်ငံကို ချနင်းလိုသော နိုင်ငံရေးသမားများ၏ မြှောက်ပင့်သွေးထိုးမှုများကြောင့် ရောဂါဝေဒနာခံစားနေရသော အပြစ်မဲ့ပြည်သူများကို စွန့်ခွာခဲ့ကြ
- သမိုင်းကောင်းနှင့်ပြည့်ဝ၍ ပုံရိပ်အရလှခဲ့သော ကျန်းမာရေးသူရဲကောင်းတို့၏ပုံရိပ်သည် ကျန်းမာရေးကမ္ဘာ့သမိုင်းစာမျက်နှာထက်တွင် အကျည်းတန်ခဲ့ရ
- ကျန်းမာရေးဝန်ထမ်းအချို့၏ CDM တွင် ပါဝင်မှုများကြောင့် ဆေးရုံများခေတ္တပိတ်ထားခဲ့ရသည့်အတွက် ရပ်ရွာအတွင်းမှ ဝေဒနာရှင်ပြည်သူများ၊ ကျန်းမာရေးအတွက် ပုံမှန်စစ်ဆေးကုသရမည့် ပြည်သူများ၊ အရေးပေါ်ခွဲစိတ်ကုသရန်လိုအပ်သည့် ပြည်သူများ၊ ကလေးမီးဖွားရန် အခက်အခဲရှိလာသည့် မိခင်လောင်းများကဲ့သို့သော ငွေကြေးကုန်ကျမှု သက်သာသော ပြည်သူ့ဆေးရုံကို အားကိုးအားထားပြုနေရသည့် အခြေခံလူတန်းစားများအတွက် မှီတွယ်အားကိုးရာ ဗလာနတ္ထိဟုဆိုရမည်ဖြစ်

---

- **တပ်မတော်ဆရာဝန်များသည် " သမားဇာနည် အောင်စစ်သည် " ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ပြု၍ လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်ဝသည့် ဆေးတပ်ဖွဲ့အရာရှိကောင်းများအဖြစ် ခံယူထားကြ**
- **ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့မှ ဆေးဝါးကုသရန်ခက်ခဲသည့် မည်သည့်လူမျိုး၊ ဘာသာဟူ၍မခွဲခြား၊ ပုဂ္ဂိုလ်အတန်းအစားမရွေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများကိုသာမက လိုအပ်ချက်အပေါ်မူတည်၍ ယာယီကုသရေးဆေးရုံများကို ပြင်ဆင်ဆောင်ရွက်ကုသပေးနေသည်ကို တွေ့ရှိရ**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကျန်းမာရေးနှင့်ပတ်သက်၍ **" လူ့အသက်ထက်အရေးကြီးသည်မှာ မရှိကြောင်း"** အစဉ်အမြဲပြောကြားလေ့ရှိသည်ကို မှတ်သားကြားနာရဖူးပါသည်။ ကျန်းမာရေးဝန်ထမ်းအချို့သည် သွေးထိုးလှုံ့ဆော်စကားကိုနားယောင်၍ လုပ်ငန်းတာဝန်ပျက်ကွက်ခဲ့သဖြင့် ရောဂါဝေဒနာရှင် အခြေခံပြည်သူများ၏ အသက်အိုးအိမ်နှင့် ဆက်နွယ်ရာ မိသားစုဘဝများသည် ပျက်စီးခြင်းလမ်းသို့ ရောက်ရှိခဲ့ရပါသည်။ ထိုသို့သော အခြေအနေများဖြစ်ပေါ်လာမှုကြောင့် မြန်မာနိုင်ငံရှိနေရာအချို့တွင် ဒေသခံပြည်သူများက ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၏ ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းမရှိဘဲ မျက်ကွယ်ပြုသည့်အပေါ် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်မှုများကို ပြုလုပ်လာခဲ့ကြသည်။ လစ်လပ်လျက်ရှိသော ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ပြည်သူများအား လူသားချင်းစာနာစိတ်ဖြင့် ကျန်းမာရေးချို့ယွင်းပါက တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင်ကုသနိုင်ကြောင်း ကြေညာပေးခဲ့ပြီး တပ်မတော်သား ဆရာဝန်၊ သူနာပြုများက ခွန်အားအပြည့်ဖြင့် လူနာများကို ပြုစုကုသပေးမှုများ ဆောင်ရွက်ခဲ့ရသည်။ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာက အထောက်အကူပြုဖွင့်လှစ် ဆောင်ရွက်ခဲ့သည်။ တပ်မတော်ဆေးရုံများက ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာအခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ခဲ့သဖြင့် ရောဂါခံစားနေရသော ပြည်သူအများစု စိတ်သက်သာရာရခဲ့၏။

တပ်မတော်ဆေးရုံတွင် ကုသခွင့်ရသော လူနာရှင်အချို့က **" သမီး ညီမလေးကို ဒီလ ၁၇ ရက်နေ့ မွေးဖွားမယ်လို့ ဆရာဝန်ကြီးက Date ပေးထားတယ်။ သွားမွေးတဲ့အခါကျတော့ သူတို့ဆေးရုံက မတတ်နိုင်ဘူးတဲ့။ ကြိုက်တဲ့ဆေးရုံမှာ မီးသွားဖွားတဲ့။ သမီးတို့သွားမေးကြတဲ့အခါ တပ်မတော်ဆေးရုံက တပ်ကြပ်ကြီးတစ်ယောက်ပြောတယ်။ ဘယ်အချိန်မှာပဲဖြစ်ဖြစ် အလိုရှိတဲ့အခါလာလို့ ပြောတယ်။ ပထမတစ်ရက်ကတော့ ဆေးခန်းတော့ပြရမှာ၊ နောက်နေ့ကျတော့ သမီးတို့ဆေးရုံ တန်းတက်ရမှာ၊ သမီးတို့အိမ်ပြန်သွားကြည့်တယ်။ ဆရာ/ဆရာမတွေကမရှိ၊ ကလေးတစ်ခုခု၊ မိခင်တစ်ခုခုဖြစ်ရင် ဆေးခန်းကလည်းမရှိဘူး။ ဆေးရုံတွေက အမြဲပိတ်ထားတယ်။ သမီးတို့ ဒီ(တပ်မတော်ဆေးရုံ)မှာနေရတာနေပျော်တယ်"** ဟု လူနာစောင့်တစ်ဦးကလည်းကောင်း၊ **"သွားပါ ..... တပ်မတော်ဆေးရုံကိုသွားပါ။ ညီမလေးတို့ အကုန်အကျကို ဘာမှမပူပါနဲ့။ သွားလိုက်ပါဆိုလို့ သမီးတို့ ဒီကိုရောက်လာတယ်။ ဒီမှာ အစစအရာရာ အကုန်အဆင်ပြေပါတယ်။ လမ်းမှာ ငွေကြေးမတတ်နိုင်လို့ သမီးတူမလေးဆုံးရှုံးခဲ့ရပါတယ်။ ဘယ်လိုမှ အဆင်မပြေဘူး။ ဒီရောက်တော့ အကုန်လုံးအဆင်ပြေသွားပါတယ်။ သမီး ပြောချင်တာကတော့ ငွေကြေးမတတ်နိုင်သူတွေ၊ ဒီလိုဆရာဝန်တွေရှိရဲ့သားနဲ့ ဒီလိုမျိုးဖြစ်ရတယ်ဆိုပြီး ရင်ထဲလည်းမကောင်းဘူး။ မရှိဆင်းရဲသားတွေ ကူညီပါလို့၊ မရှိဆင်းရဲသားတွေ ငဲ့ညှာပါလို့ပြောချင်ပါတယ် "** ဟု လူနာတစ်ဦးကလည်းကောင်း၊ **"ကျွန်မတို့လာပြတဲ့အချိန်မှာ ရန်ကုန်ဆေးရုံကြီးက ပေးမဝင်တော့ဘူး၊ အပြင်မှာ လူတွေကတန်းစီပြီးစောင့်နေတယ်။ အဲဒါနဲ့ ကျွန်မတို့ နီးစပ်ရာကိုလိုက်ပြတော့ ဗဟိုအမျိုးသမီးဆေးရုံက ဆရာဝန်က ဒီ(တပ်မတော်ဆေးရုံ)ကို သွားခိုင်းလို့ လာတာပါ။ ဒီလိုမျိုး လူနာတွေကို လက်ခံပေးတဲ့အတွက် ကျွန်မတို့က ပိုပြီးကျေးဇူးတင်ပါတယ်။ ဒီအချိန်မှာ လူနာတွေကိုလက်ခံပေးဖို့က အဓိကပဲလေ။ ဆရာဝန်တွေမရှိဘဲနဲ့ လူနာတွေက ဘယ်သူ့ကိုသွားပြောရမလဲ၊ အခုလိုမျိုးလက်ခံကုသပေးတဲ့အတွက် ဆရာဝန်တွေ အကုန်လုံးကို အထူးကျေးဇူးတင်ပါတယ် "** ဟု လူနာတစ်ဦးကလည်းကောင်း တပ်မတော်ဆေးရုံများတွင် ဆေးကုသခွင့်ရခဲ့သော လူနာရှင်များ၏ခံစားချက်များကို သိရှိရပါသည်။ ဆရာဝန်တစ်ယောက်အဖြစ်ရောက်ရှိရန် ကြိုးစားအားထုတ်မှုများသည် မလွယ်ကူလှပါ။ ကိုယ်တိုင်ကလည်းကြိုးစားရသည်သာမက မိဘကလည်း ငွေကြေးတတ်နိုင်သူများသာ ထိုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်မည်ဖြစ်သည်။ ဆရာဝန်ဆိုသည်ကား လူနာကိုဆေးကုသရမည်သာဖြစ်သော်လည်း နိုင်ငံရေးအရ အမြင်ကွဲပြားရုံမျှဖြင့် မိမိတာဝန်ကျရာ ပြည်သူ့ဆေးရုံ၊ တိုက်နယ်ဆေးရုံတို့ကိုစွန့်ခွာကာ အလုပ်မဆင်းဘဲနေခြင်းကြောင့် မသေသင့်သူတွေ သေကျေရသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှပါသည်။

### သမားဇာနည် အောင်စစ်သည်

တပ်မတော်ဆရာဝန်များသည် " သမားဇာနည် အောင်စစ်သည် " ဟူသော ဆောင်ပုဒ်ကိုလက်ကိုင်ပြု၍ လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်ဝသည့် ဆေးတပ်ဖွဲ့အရာရှိကောင်းများအဖြစ် ခံယူထားကြ၏။ ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့မှ ဆေးဝါးကုသရန်ခက်ခဲသည့် မည်သည့်လူမျိုး၊ ဘာသာဟူ၍မခွဲခြား၊ ပုဂ္ဂိုလ်အတန်းအစားမရွေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများကိုသာမက လိုအပ်ချက်အပေါ်မူတည်၍ ယာယီကုသရေးဆေးရုံများကို ပြင်ဆင်ဆောင်ရွက်ကုသပေးနေသည်ကိုတွေ့ရှိရသည်။ အလားတူပင် ဒေသခံပြည်သူများက လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံခဲ့သော မိုးကောင်းမြို့နယ် ဆားမော်တိုက်နယ်ဆေးရုံ၊ မန်တုံပြည်သူ့ဆေးရုံ၊ ဇုတ်သုတ်တိုက်နယ်ဆေးရုံ၊ မော်လိုက်၊ ဟုမ္မလင်း၊ ဖောင်းပြင်မြို့နယ် ပြည်သူ့ဆေးရုံ၊ ဟံဇား၊ ယင်းတော်တိုက်နယ်ဆေးရုံ၊ ကျောက်တံခါးပြည်သူ့ဆေးရုံ၊ ဒုံဇရစ်တိုက်နယ်ဆေးရုံ စသည့် နေရာ ၄၅ နေရာသို့သွားရောက်၍ တပ်မတော်သားပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် စနစ်တကျစုဖွဲ့၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ထိုသို့နယ်ပယ်စုံမှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည့် ဖေဖော်ဝါရီ ၅ ရက်မှ မေ ၆ ရက်အထိ ပြင်ပလူနာ ၁၈၇၉၂၄ ဦး၊ အတွင်းလူနာ ၅၈၅၉၂ ဦးတို့ကို လက်ခံကုသပေးလျက်ရှိပြီး ၎င်းအနက်မှ အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၈၇၆၆ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၄၄၇၆ ဦး စုစုပေါင်း ၁၃၂၄၂ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပါသည်။ ထို့အပြင် မီးဖွားလူနာ ၄၅၃၀ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၆၈၄၉ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ရာ ယနေ့အထိ အနာဂတ်တွင် ဖူးငုံစီစွာဖြင့် ပွင့်လန်းလာမည့် မျိုးဆက်သစ်ကလေးငယ်ပေါင်း ၁၁၃၇၉ ဦးတို့ကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ပြီဖြစ်ပါသည်။

တပ်မတော်၏ မှန်ကန်သောစိတ်ထား၊ ထားရှိသောစေတနာ၊ လက်တွေ့ဖြစ်သော ကရုဏာတို့ကြောင့် အနယ်နယ်အရပ်ရပ်ရှိ ရပဟန်း၊ ရှင်လူများက နေ့စဉ်နေ့တိုင်း တပ်မတော်ဆေးရုံများတွင် လာရောက်ဆေးကုသလျက်ရှိနေသည်။ အချိန်နှင့်အမျှ ရောဂါဝေဒနာသက်သာရာရစေရန်နှင့် အသက်အန္တရာယ်အတွက် စိုးရိမ်ရသောအခြေအနေကြုံတွေ့ရသူလူနာများအတွက် တပ်မတော်ဆေးရုံများသည် နားခိုရာ နိဗ္ဗာန်ဘုံတစ်ခုသို့ဖြစ်ချေသည်။ **" ကိုယ်အားထုတ်ပြု၊ ကိုယ့်အမှုကြောင့်၊ ရောက်မှုထက်အောက်၊ မဖောက်မမှန်၊ လောကခံတွင် ဇာနန်ဖြစ်ရိုးပင်"** စာသားအတိုင်း မည်သို့သော အလုပ်ကိုမဆို ရှေ့ဆောင်ထားသင့်သော စေတနာမွန်ဖြင့်သာ ထမ်းဆောင်သင့်ပေသည်။ လူဖြစ်လာရသောဘဝတွင် သစ္စာတရားလည်း ပျက်သုဉ်း၊ ဂုဏ်သိက္ခာလည်းကျဆုံးနေလျှင် လူ့ဘဝသည် အနှစ်သာရကင်းမဲ့နေချေသည်။မည်သို့သောအခြေအနေမျိုးတွင်မဆို **တပ်မတော်ဆေးတပ်ဖွဲ့ ကျန်းမာရေးဝန်ထမ်းများက** သားကောင်းတစ်ယောက်၊ ကျောက်ကောင်းတစ်စေ့ပီသစွာ နိုင်ငံ့တာဝန်ကို သစ္စာမပျက် ကျေပွန်ချင်သည်ဆိုသောစိတ်ဖြင့် ကျန်းမာရေးလုပ်ငန်းကိစ္စအဝဝကို ဆက်လက်ဆောင်ရွက်နေပေဦးမည်ဟု ယုံကြည်မိပါတော့သည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၁၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးစံချိန်စံညွှန်း ပြည့်မီရေးနှင့် ရှေ့ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တံတားဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက အမှာစကား ပြောကြားသည်။

**ဖြည့်ဆည်းပေး**

ထို့နောက် ဒုတိယဝန်ကြီး ဦးမင်းထိန်၊ အမြဲတမ်းအတွင်းဝန် ဦးအောင်မြင့်ဦး၊ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်၊ တံတားများ တာဝန်ခံ အင်ဂျင်နီယာချုပ်များနှင့် ညွှန်ကြားရေးမှူး (မြို့ပြ) များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန၏ လေးလပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပ သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ် တစ်ပြိုင်တည်း လမ်း/ တံတား အခွန်အခများ တိုးတက်ရရှိစေရန် B.O.T Task Force များ ဖွဲ့စည်းပြီး B.O.T ကုမ္ပဏီများကို စည်းကမ်းတကျကြီးကြပ်ကာ လမ်းမကြီးများ အဆင့်မြှင့်တင်ခြင်းနှင့် အခွန်အခများ အပြည့်အဝရရှိရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လမ်းနယ်နိမိတ်ကိစ္စ၊ ကျူးကျော်များကိုလည်း ဥပဒေနှင့်အညီ တစ်ဆင့်ခြင်း စနစ်တကျဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

လုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ လမ်းဘေး ဝဲ/ယာ တစ်လျှောက်တွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးအတွက် ဒေသနှင့် လိုက်လျောညီထွေရှိသည့် သစ်ပင်ကြီးများကို မိုးရာသီတွင် စီမံချက်ချ၍ စိုက်ပျိုးပေးရန်လိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)များက လုပ်ငန်းဆောင် ရွက် ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းအစီအစဉ်များ၊ ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှု၊ လုပ်ငန်းခွင်အတွင်း တွေ့ကြုံရသည့် အခက်အခဲများ၊ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် တစ်ခုချင်းအလိုက် ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြိတ်နှင့် ကော့သောင်းခရိုင်အတွင်းရှိ ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းကဏ္ဍမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ



**နေပြည်တော် မေ ၁၄**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် မြိတ်မြို့ ပုလဲသန္တာဟိုတယ် အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ မြိတ်ခရိုင် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ ခရီးသွားလုပ်ငန်းရှင်များ အသင်းနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်းတို့မှ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုတွင် ကျွန်းပေါင်း ၈၀၀ ကျော်အနက် မူလသဘာဝအတိုင်းတည်ရှိနေဆဲ ကျွန်းများနှင့် ပျောက်ကွယ်လုနီးပါးဖြစ်လာသည့် ပင်လယ်ပျော် မော်ကင်း (ဆလုံ) လူမျိုးစုများရှိခြင်းကြောင့် ပြည်တွင်း/ ပြည်ပ ခရီးသွားဧည့်သည်များ စိတ်ဝင်စားမှုမြင့်တက်လျက်ရှိသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်ပါကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသည် ကဏ္ဍပေါင်းစုံနှင့် ဆက်စပ်လုပ်ကိုင်ရသော လုပ်ငန်းဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်လာပါက ဒေသခံများ အလုပ်အကိုင်ရရှိပြီး အလွှာပေါင်းစုံမှ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာနိုင်ပါကြောင်း၊ ထိုသို့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ ပုဂ္ဂလိကလုပ်ငန်းရှင် သုံးဦးသုံးဖလှယ်တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ မြိတ်ခရိုင်ဒေသအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးနှင့်ပတ်သက်၍ တက်ရောက်လာသူများက ဆွေးနွေးတင်ပြပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဟိုတယ်ဝန်ထမ်းများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးမှု၊ Hotel Guest List Management System ဆောင်ရွက်ထားရှိမှုနှင့် ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်နိုင်ရေး ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကော့သောင်းမြို့ Victoria Cliff ဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ကော့သောင်းခရိုင် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၊ ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် ဧည့်လမ်းညွှန်အသင်းတို့မှ ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကော့သောင်းခရိုင်အတွင်း ဟိုတယ်နှင့်ခရီးသွား ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်နှင့် တွေ့ဆုံ၍ ရတနာကျွန်းရှိ Victoria Entertainment Resort အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးသည်။

ယင်းနောက် ရတနာကျွန်းရှိ Victoria Entertainment Resort ပြုပြင်မွမ်းမံ ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအမြင့် ၁၂၅ ပေ အထက်တွင် တည်ရှိပြီး သာယာလှပသော ပင်လယ်ပြင်ရှိ ကျွန်းများနှင့် ရေအောက်သဘာဝအလှအပများကို ကြည့်ရှုခံစားနိုင်သဖြင့် ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လျက်ရှိသည့်ခရီးစဉ်ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆီစားသုံးမှုအန္တရာယ် သတိပြုဖွယ်

မေယု - မျိုးအောင် (MANA)

လူတို့၏ နေ့စဉ်ရှင်သန်ရေးအတွက် စားသုံးမှုတွင် မည်သည့်အစာအာဟာရ စားသုံးသည်ဖြစ်စေ ဆီကို မသုံးမဖြစ် သုံးစွဲကြရသည်။ ဤသို့သုံးစွဲရာတွင် ကျန်းမာရေးအသိဖြင့် မည်သည့်ဆီကိုစားမလဲ၊ ဆီမည်မျှစားသင့်သလဲ ကိုယ်ကိုယ်တိုင် ဆန်းစစ်ကြည့်သင့်ပေသည်။

**မြန်မာနိုင်ငံနှင့် ဆီစားသုံးမှု**

ဘေးကင်းလုံခြုံမှုမရှိသော စားဆီများကို သုံးစွဲခြင်းကြောင့် ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုမှာ ကြီးမားလျက်ရှိသည်။ ဆီစားသုံးမှုနှင့် ဆက်နွယ်နေသော ကျန်းမာရေးပြဿနာများကို လေ့လာပါက အခြေခံအချက်နှစ်ချက်ကို တွေ့ရမည်ဖြစ်သည်။ ပထမအချက်မှာ "ကျန်းမာရေးနှင့် မသင့်လျော်သည့်ဆီများကို စားသုံးမိခြင်း" ဖြစ်ပြီး ဒုတိယအချက်မှာ "သုံးစွဲသင့်သည်ထက် ပိုမိုစားသုံးမိနေခြင်း" ဖြစ်သည်။ မြန်မာဟင်းအများစုတွင် ဆီပြန်ဟင်းများသည် ဟင်းကောင်းအဖြစ် နေရာယူထားသည်။ ဆီနည်းသည်ဆိုလျှင် "ဟင်းက ဆီတောင်မပါဘူး" ဟု ဆိုတတ်ကြပြန်သည်။ မြန်မာ့စားစရာဟင်းလျာများတွင် ဆီက မပါမဖြစ်ဆိုသလို ပါနေပြီး လိုသည်ထက်ပင် ပိုစားဖြစ်နေကြသည်။

လူတို့ အသက်ရှင်နေထိုင်မှုနှင့် နေ့စဉ်လှုပ်ရှားသွားလာမှုတို့ကို တာဝန်ထမ်းဆောင်နေရသော ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော စွမ်းအင်ကို အစားအစာမှ ရရှိသည်။ လူဦးရေတိုးပွားလာနေသည့် ကမ္ဘာကြီးတွင် ကလေးမွေးဖွားနှုန်း မြင့်မားနေသကဲ့သို့ သေဆုံးမှုနှုန်းမှာလည်း မြင့်မားနေသည်။ သေဆုံးမှုများထဲတွင် ဘေးကင်းလုံခြုံမှုမရှိသော အစားအသောက်များမှ ရရှိဖြစ်ပွားသည့် ရောဂါများကြောင့် သေဆုံးရခြင်းသည်လည်း အဓိကအကြောင်းအချက်တစ်ခုဖြစ်သည်။

မြန်မာနိုင်ငံတွင် အစားအသောက်နှင့်ပတ်သက်၍ ၁၉၇၂ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေ၊ အမျိုးသားအစားအသောက်ဥပဒေ(၁၉၉၇)၊ အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၃) နှင့် စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉ )တို့ကို ပြဋ္ဌာန်းထားသည်။

ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရေးတို့မှ တစ်ဆင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် နိုင်ငံတော်မှ ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်ရေးနှင့် စားဆီထုတ်လုပ်ရေး လုပ်ငန်းကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသော်လည်း တိုးတက်သင့်သလောက် တိုးတက်နိုင်ခြင်းမရှိသည်ကို တွေ့ရသည်။ စိုက်ပျိုးရေးဦးစီးဌာနကလည်း ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီစားသုံးနိုင်ရေးနှင့် ပြည်တွင်းဆီထွက်သီးနှံဖူလုံရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးပြီး သက်ဆိုင်ရာပညာရှင်များက ဆွေးနွေးပေးကာ ရလဒ်ဖော်ထုတ်ပေးရန် ပြောကြားသည်။ စိုက်ပျိုးရေးနှင့် ကုန်သွယ်ရေးကဏ္ဍအပြင် စားသုံးသူကာကွယ်ရေးကဏ္ဍမှလည်း ဥပဒေဖြင့် အကာအကွယ်ပေးရေး ဆောင်ရွက်လျက်ရှိသည်။

**ပြည့်ဝဆီနည်းခြင်းက ကျန်းမာရေးအတွက်ကောင်း**

မြန်မာနိုင်ငံ၏ စားသုံးမှုပုံစံဓလေ့အရ ဆီစားသုံးမှုမှာ ပိုမိုများပြားနေကြောင်းသိရပြီး နိုင်ငံခြားငွေများစွာ အသုံးပြုတင်သွင်းရသဖြင့် သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရန် လိုအပ်လျက်ရှိသည်ကို တွေ့ရသည်။ စားသုံးဆီများတွင် ပြည့်ဝဆီနည်းခြင်းက ကျန်းမာရေးအတွက် ပိုမိုကောင်းမွန်ရာ ဆီများကို ဓာတ်ခွဲစစ်ဆေးထုတ်ပြန်ချက်အရ နှမ်းဆီ၊ နေကြာဆီ၊ ပန်းနှမ်းဆီ၊ ပဲပုပ်ဆီများက ပြည့်ဝဆီ အနည်းဆုံးဖြစ်ပြီး စားအုန်းဆီက ပြည့်ဝဆီများသည်ကို တွေ့ရသည်။ သတ်မှတ်အရည်အသွေးဖြင့် ပြည်ပမှ တင်သွင်းခွင့်ပြုထားခြင်းဖြစ်၍ စားသုံးရန် မသင့်သည့်ဆီမဟုတ်ဘဲ ကျန်းမာရေးမထိခိုက်စေသော သန့်ရှင်းသောဆီ ဖြစ်စေရေးအတွက် သိုလှောင်



သယ်ယူထုပ်ပိုးသည့်နေရာများ၊ လက်လီရောင်းချသည့်နေရာများအဆင့်ဆင့်တွင် သန့်ရှင်းမှုရှိအောင် ဆောင်ရွက်ရန် လိုအပ်သည်။

သို့ရာတွင် စားအုန်းဆီကို မြေပဲ၊ နှမ်း ဓာတုအနံ့များ ထည့်သွင်းကာ မြေပဲဆီ၊ နှမ်းဆီအဖြစ် လိမ်လည်ရောင်းချခြင်း၊ ကျန်းမာရေးအတွက် အန္တရာယ်ရှိသည့် မသန့်စင်ရသေးသည့် ဝါစေ့ဆီ အနီရောင်ကို အရောင်လှအောင်ရောစပ်၍ နှမ်းဆီအဖြစ် ရောင်းချခြင်း၊ ရောဆီ၊ စပ်ဆီဟုဆိုကာ မြေပဲဆီနှင့် စားအုန်းဆီများကို ရောနှောထားပြီး ပါဝင်ပစ္စည်းဖော်ပြရာတွင် ဆီအမျိုးအစားနှင့် ရာခိုင်နှုန်းကို မှန်ကန်စွာဖော်ပြမှုမရှိဘဲ မြေပဲဆီပါဝင်မှု ရာခိုင်နှုန်းကို ပိုမိုဖော်ပြပြီး ဈေးနှုန်းတိုးမြှင့်ရောင်းချခြင်း၊ ဆီသန့်အသစ်သုံးရမည့်အစား ပြန်ကြော်ဆီများကို ပြန်လည်သုံးစွဲခြင်း စသည့်နည်းကို အသုံးပြုလျက်ရှိသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးထွက်ရှိသည့် ဆီထွက်သီးနှံအားလုံးကို စားဆီအဖြစ် ကြိတ်ခွဲထုတ်လုပ်မည်ဆိုလျှင် ဆီဖူလုံမှုရှိမှာဖြစ်သော်လည်း မြေပဲနှင့်နှမ်းသည် ပြည်ပဝယ်လိုအားများသည့် ပြည်ပပို့ကုန်ဖြစ်ခြင်းကြောင့် ပြည်တွင်းဆီလိုအပ်ချက်အတွက် စားအုန်းဆီကို တင်သွင်းဖြည့်ဆည်းရလျက်ရှိသည်။ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ မုန်ညင်း၊ ပဲပုပ်တို့သည် ဒေသမရွေးစိုက်ပျိုးနိုင်မှုမရှိခြင်း၊ နှမ်းနှင့်မြေပဲသည် ပြည်ပဝယ်လိုအားအပြင် မုန့်လုပ်ငန်းအသုံးပြုမှုများလည်းရှိခြင်းတို့ကြောင့် တစ်နှစ်ထက်တစ်နှစ် ဈေးနှုန်းမြင့်တက်လျက် ရှိသည်။

ဈေးအမြင့်ကို စားသုံးသူအများစုက ဝယ်ယူစားသုံးနိုင်ခြင်းမရှိတော့ဘဲ လေးပုံတစ်ပုံခန့် ဈေးသက်သာသည့်စားအုန်းဆီ သို့မဟုတ် ရောနှောဆီများကို ဝယ်ယူစားသုံးနေကြရသောအခါ ပြည်တွင်းဆီစက်လုပ်ငန်းများသည် လည်ပတ်နိုင်မှု အားလျော့သွားသည့် အခြေအနေကို ကြုံတွေ့ရလျက်ရှိသည်။ အချို့ဆီစက်များအနေဖြင့် ဆီထွက်သီးနှံများကို ကိုယ်တိုင်ဝယ်ယူကြိတ်ခွဲ၍ မိမိစက်ရုံတံဆိပ်ဖြင့် ဆီထုတ်လုပ်ရောင်းချနိုင်သည့်အခြေအနေမှ နဝလီကြိတ်ပေးခြင်းများသာဆောင်ရွက်နေသည့် ဆီစက်များအဖြစ်သာ လည်ပတ်နေသည်ကို တွေ့ရသည်။

စားသုံးသူပြည်သူအများစုမှာ ကျန်းမာရေး အသိဗဟုသုတမရှိသောကြောင့် လည်းကောင်း၊ သိသော်လည်း ဝင်ငွေအဆင့်နိမ့်ကျသဖြင့် လုံခြုံစိတ်ချရသော စားသုံးဆီကို မစားသုံးနိုင်သောကြောင့် လည်းကောင်း၊ ရေရှည်ကောင်းကျိုးကို ကြည့်ရမည့်အစား အမြင်၊ အနံ့၊ အရသာဖြင့် ရွေးချယ်ဝယ်ယူတတ်သော ဓလေ့စရိုက်များကြောင့် လည်းကောင်း၊ ထုတ်လုပ်သူများက မမှန်မကန်ထုတ်လုပ်လျက်ရှိသည့် စားသုံးဆီများကို အားပေးနေသည့် ဈေးကွက်ရှိနေသေးခြင်းဖြစ်သည်ကို တွေ့ရသည်။

မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့အတွက် မြန်မာစံချိန်စံညွှန်းသတ်မှတ်ခြင်းများ ဆောင်ရွက်ရေး၊ စားသုံးသူကာကွယ်ရေးဥပဒေ၊ အမျိုးသားအစားအသောက်ဥပဒေများပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်လျှင် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး မျှော်လင့်လျက်ရှိကြောင်း၊ သို့မှသာ မမှန်မကန်လုပ်သူများကို ဈေးနှုန်းယှဉ်ပြိုင်မရောင်းချနိုင်သဖြင့် အခက်အခဲဖြစ်နေသည့် မှန်ကန်၍ အန္တရာယ်ကင်းအောင် ထုတ်လုပ်ပေးလျက်ရှိသော လုပ်ငန်းများကို အားပေးမြှင့်တင်ရာရောက်မည်ဖြစ်ကြောင်း ဆီစက်လုပ်ငန်းရှင်တစ်ဦးက အကြံပြုပြောကြားသည်။

**အာမခံချက်ပါသောဆီရောင်းချမှု**

စားသုံးသူရေးရာဦးစီးဌာနမှ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းအဖွဲ့များသည် ဆီစက်များ၊ ဆီအရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေးပြီး ဆီစက်မရှိဘဲ တံဆိပ်ကပ်ရောင်းချနေသောဆီများ၊ လိုအပ်သည့်အထောက်အထားမပါရှိသော ဆီများကိုစစ်ဆေးရန် ဓာတ်ခွဲခန်းသို့ပို့၍ စားသုံးရန်မသင့်အဖြေထွက်ပါက တားမြစ်သိမ်းဆည်းဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည်ကို ကြားသိရသည်။ ရေသန့်များကို FDA ထောက်ခံချက်လက်မှတ်ရရှိမှသာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခွင့်ရှိသည်ဟု ကန့်သတ်ချက်ရှိသော်လည်း စားဆီများတွင် မရှိသေးသဖြင့် အချို့စားဆီများက FDA ထောက်ခံချက်ရရှိရေး ဆောင်ရွက်သော်လည်း အချို့ကဆောင်ရွက်ခြင်း မပြုသည်ကို တွေ့ရသည်။ ဈေးများအတွင်းတွင် ဆီများကိုခွက်ချင်ဖြင့် ရောင်းချသူများသည်လည်း မိမိရောင်းချသော ဆီများဖြစ်သည့် စားအုန်းဆီ၊ မြေပဲဆီများကို မည်သည့်ဆီစက်၊ မည်သည့် လက်ကားဆိုင်များက ဝယ်ယူသည်ဆိုသည့် ပြေစာမှတ်တမ်းထားရှိရန်၊ ရောနှောဆီကို စားသုံးသူတောင်းဆိုချက်အရ ကျေနပ်မှ မှန်ကန်သော အချိုးအစားဖြင့် ရောနှောပေးရန်၊ ကုန်အညွှန်းအမှတ်အသားတွင် ပါဝင်ရမည့်အချက်များ ပြည့်စုံစွာ ဖော်ပြပါရှိရမည်ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနက အသိပေးလျက်ရှိကြောင်း သိရသည်။

**ကျန်းမာရေးအတွက် ဆီလျှော့စားသင့်**

စားအုန်းဆီတွင် ပြည့်ဝဆီရာခိုင်နှုန်းများသောကြောင့် ပြည့်ဝဆီများကို လျှော့စားသုံးသင့်သည်။ ပြည့်ဝဆီကိုသာမက မပြည့်ဝဆီကိုလည်း လျှော့စားသုံးသင့်သည်။ မှန်ကန်မှုမရှိသော စားသုံးဆီများကြောင့် ကမ္ဘာတစ်ဝန်းတွင် နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ရောဂါ၊ ဦးနှောက်နှင့်အာရုံကြောဆိုင်ရာရောဂါ၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေးပြဿနာများကို ရင်ဆိုင်နေကြရသည်။ ပြည့်ဝဆီဆိုရာတွင် တိရစ္ဆာန်များမှထွက်သော အဆီများပါဝင်သည်ကိုလည်း သတိချပ်စေလိုသည်။ အကြောင်းမှာ အချို့တောရွာများတွင် အလှူအတန်း တစ်ခုခုပြီးသည့်အခါ ဥပမာ- ဝက်သားချက်ရာမှ ထွက်လာသော (ဝက်ဆီ)နှင့် အမဲဆီကဲ့သို့ တိရစ္ဆာန်တို့၏ အဆီများကို သိုလှောင်ကာ ရောင်းချသည့် ဓလေ့များ ရှိနေတတ်ခြင်းကြောင့် ဖြစ်သည်။

အကယ်၍ ဆီကို မီးခိုးငွေ့ထွက်သည်အထိ အပူချိန်မြင့်မားစွာထားမည်ဆိုလျှင် ဆီ၏ဓာတုပြောင်းလဲမှု ဆင့်ကဲဖြစ်စဉ်ကို တားဆီးလျှော့ချထားစေရုံသာမက မြေပဲဆီ၏ ပင်ကိုသဘာဝမွှေးပျံ့သော အရသာကို ယိုယွင်းသွားစေမည်ဖြစ်သည်။ စားသုံးဆီများတွင် Smoke Point ဟူ၍ ရှိသည်။ Smoke Point ဆိုသည်မှာ ဆီ၏ မီးအပူချိန်ကို ခံနိုင်သောပမာဏထက်လွန်ကဲသွားလျှင် ဆီမှ အန္တရာယ်ရှိသော Free Radiacals များ ထွက်လာနိုင်သည်။ သို့ဖြစ်ပါ၍ မီးပြင်းပြင်းနှင့် ကြော်ရမည့်အချိန်တွင် Smoke Point မြင့်မားသော ဆီအမျိုးအစားကိုသာ သုံးသင့်သည်။ ဆီများတွင်လည်း Smoke Point တစ်ခုနှင့်တစ်ခု ကွာခြားလျက်ရှိသည်။ ဥပမာ- အုန်းသီးမှ ထုတ်လုပ်သော အုန်းဆီ၏ Smoke Point မှာ ၁၁၇ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး ပဲပုပ်မှထုတ်လုပ်သော ပဲပုပ်ဆီ၏ Smoke Point မှာ ၂၄၁ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ သို့ဖြစ်ပါ၍ ဆီများကို သုံးစွဲရာတွင် ဘူးခွံတွင်ပါဝင်သော Smoke Point များကိုကြည့်ကာ ရွေးချယ်ဝယ်ယူသင့်သည်။ ထို့အတူ ဆီတွင်ပါဝင်သော အဆီဓာတ်၊ ကိုလက်စထရောပမာဏ၊ ဆိုဒီယမ်၊ ကယ်လိုရီ စသည်များကိုလည်း ကြည့်ရှုနှိုင်းယှဉ်ပြီး ဝယ်ယူသင့်သည်။

ပဲဆီများကို ရေခဲသေတ္တာအတွင်းထားလျှင် မခဲစေရန်၊ မြေပဲဆီအရောင်နှင့် အနံ့ဖြစ်စေရန် ဓာတုနည်းဖြင့် ပြုပြင်ကာ ဈေးကွက်အတွင်းသို့ ရောင်းချလျက်ရှိနေသည်များလည်းရှိသဖြင့် သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရန် အထက်ပါအချက်များအတိုင်း လိုက်နာကာ စားသုံးဆီများကို ရွေးချယ်ဝယ်ယူကြပြီး ဆီစားသုံးမှုဓလေ့ကို ပြုပြင်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

**စားအုန်းဆီတွင် ပြည့်ဝဆီရာခိုင်နှုန်းများသောကြောင့် ပြည့်ဝဆီများကို လျှော့စားသုံးသင့်သည်။ ပြည့်ဝဆီကိုသာမက မပြည့်ဝဆီကိုလည်း လျှော့စားသုံးသင့်သည်။ မှန်ကန်မှုမရှိသော စားသုံးဆီများကြောင့် ကမ္ဘာတစ်ဝန်းတွင် နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ရောဂါ၊ ဦးနှောက်နှင့်အာရုံကြောဆိုင်ရာရောဂါ၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေးပြဿနာများကို ရင်ဆိုင်နေကြရသည်။ ပြည့်ဝဆီဆိုရာတွင် တိရစ္ဆာန်များမှထွက်သော အဆီများပါဝင်သည်ကိုလည်း သတိချပ်စေလို။**

# လူ့တန်ဖိုးနှင့် ကိုယ်ကျင့်သိက္ခာ

**ပုတုတူးလေး**

(ယမန်နေ့မှအဆက်)

### သင်တန်းလိုအပ်

နည်းသစ်၊ စနစ်သစ်တွေရှိရင် လိုအပ်တဲ့ လုပ်ငန်းခွင်သင်တန်းပေးတာမျိုး လုပ်စေချင်တယ်။ လုပ်ငန်းတိုးချဲ့လို့ ပေါ်ပေါက်လာတဲ့ အလယ်အလတ်ရာထူးကို အတွေ့အကြုံရှိတဲ့ ဝန်ထမ်းတွေ၊ အလုပ်သမားတွေကို ခန့်ထားစေချင်တယ်။ အမျိုးသမီးဟာသူ့ရဲ့ ယုံကြည်ချက်၊အလေးအမြတ်ထားမှု၊ စံထားမှုတွေနဲ့ ကော်ပိုရေးရှင်းရဲ့ စံတွေ၊ သတ်မှတ်ချက်အလေးထားမှုတွေဟာ လုံးဝကို ကွဲလွဲနေတာကို တဖြည်းဖြည်း ရိပ်စားမိလာတယ်။ ဒါပေမဲ့ သူ့ဆန်စားရဲမှုဆိုတဲ့အတိုင်း အောင့်အည်းသည်းခံပြီး အကောင်းဆုံးဖြစ်အောင် လုပ်တယ်။ ဒါပေမဲ့ တာရှည်မရပါဘူး။ မကြာခင်မှာပဲ အဲဒီအမျိုးသမီး အရာရှိ အလုပ်ကထွက်သွားတယ်။ ကိုယ်ဘာကို မလုပ်ချင်ဘူးလဲဆိုတာသိရင် လူဟာ ပြတ်ပြတ်သားသား ငြင်းရဲရမယ်။ ဒီလိုပဲ ကိုယ်ဘာမလုပ်နိုင်ဘူးလဲဆိုတာသိရင် ကိုယ်မလုပ်နိုင်တာကို လုပ်ဖို့ မစဉ်းစားပါနဲ့။ ကြမ္မာဆိုတာ ကိုယ်ကဖန်တီးတာပါ။

ဆေးဝါးထုတ်လုပ်တဲ့ ကုမ္ပဏီကြီးတစ်ခုဟာ ထုတ်လက်စရှိတဲ့ ဆေးဝါးတွေကို ဖြည်းဖြည်းနဲ့ မှန်မှန် ထုတ်နေမလား၊ ဒါမှမဟုတ် သုတေသနတွေလုပ်၊ ဆေးသစ်တွေ ဖော်စပ်ထုတ်လုပ် ဈေးကွက်တိုးချဲ့မလား၊ ဆေးသစ်တွေကို စွန့်စားထုတ်လုပ်မလားဆိုတာ ကိုယ်ကျင့်သိက္ခာနဲ့ဆိုင်တဲ့ မေးခွန်းတွေ မဟုတ်ပါဘူး။ စီးပွားရေးဆိုင်ရာ တွေးဆချက်တစ်ခုပါ။ ဆေးဝါးထုတ်လုပ်ရာမှာ လူနာတွေရဲ့ ဝေဒနာတွေကို ကုသပေးနေရတဲ့ ဆရာဝန်တွေ၊ ဆေးဝန်ထမ်းတွေ၊ သူနာပြုတွေ အားလုံးအဆင်ပြေစေဖို့ ဆေးဝါးတွေကို ထုတ်လုပ်နေတာပါလို့ ဆိုလာရင်တော့ ဒီဆေးဝါးလုပ်ငန်းကြီးရဲ့ မူဝါဒဟာ ကိုယ်ကျင့်သိက္ခာပိုင်းနဲ့ ဆိုင်သွားပါပြီ။ တစ်ခါတစ်ရံမှာ စီးပွားရေးလုပ်ငန်းရဲ့ မူဝါဒချမှတ်ရာမှာ စီးပွားရေးရှုထောင့်နဲ့ ကိုယ်ကျင့်သိက္ခာရှုထောင့်တို့ ပဋိပက္ခဖြစ်တတ်ပါတယ်။

ဆေးဝါးထုတ်လုပ်တဲ့လုပ်ငန်းမှ မဟုတ်ပါဘူး။ တခြားလုပ်ငန်းများမှာလည်း အလားတူ ပဋိပက္ခတွေ ဖြစ်ပေါ်လာတတ်ပါတယ်။ ကျောင်းသုံးပစ္စည်းတွေ ထုတ်လုပ်ဖို့ စီးပွားရေးစီမံကိန်းရေးဆွဲရာမှာ ကျောင်းသား ကျောင်းသူလေးတွေ ခဲတံ၊ ဘောပင်စတဲ့ကျောင်းသုံးပစ္စည်းတွေ ဈေးချိုချိုနဲ့ အရည်အသွေးမီတဲ့ပစ္စည်းတွေ ရစေလိုတာလား၊ တိုးပွားလာမယ့် ကျောင်းသား ကျောင်းသူ အရေအတွက်ပေါ် အခြေတည်ပြီး အကျိုးအမြတ် မြိုးမြိုးမြက်မြက်ရအောင် စီမံကိန်းဆွဲမှာလား။ ဒီလိုပဲ စီးပွားရေးစီမံကိန်းတွေ၊ စီးပွားရေးနဲ့ဆိုင်တဲ့ သုတေသနတွေဟာ ကိုယ်ကျိုးအတွက်လား၊ အမြတ်အစွန်းရဖို့ သက်သက်လား၊ သွင်းကုန်အစားထိုးနိုင်ပြီး ပြည်ပသွင်းကုန်ပေါ် မှီခိုလျှော့ဖို့လား။ ကိုယ့်တိုင်းပြည်အတွက် မည်မျှအကျိုးပြုနိုင်မည်နည်း။

### အမျိုးသားရေးရှုထောင့်

အချိန်တိုအတွင်းမှာ ရနိုင်သမျှအမြတ်ကို စစ်ယူမယ်ဆိုတဲ့ စီးပွားရေးမူဝါဒဟာ စီးပွားရေးနယ်ပယ်မှာ ဘာမှဝေဖန်ပြောဆိုစရာမရှိတဲ့ မူဝါဒပါ။ အမြတ်အစွန်းများများရရေးဟာ စီးပွားရေးစီမံကိန်းရဲ့အရေးပါတဲ့အချက်ပါ။ ဒါပေမဲ့ ကိုယ်ကျင့်သိက္ခာရှုထောင့်၊ လူမှုရေးရှုထောင့်၊ အမျိုးသားရေးရှုထောင့်တို့မှကြည့်ရင် အချို့သော စီးပွားရေးဆောင်ရွက်ချက်တွေဟာ ရာနှုန်းပြည့်လက်ခံဖို့ခက်ပါတယ်။ အချို့စီးပွားရေးလုပ်ငန်းတွေဟာ စီးပွားရေးဆန်လွန်းခြင်း (ဝါ) အတ္တဆန်လွန်းခြင်း ရှိနေတာကို တွေ့ရပါတယ်။

ဒ့ါအပြင် ရေတို၊ ရေရှည် စီမံကိန်းတွေချမှတ်လုပ်ဆောင်ရာမှာလည်း အများနစ်နာထိခိုက်မယ့် အနေအထားမျိုးတွေ ရေတိုအားဖြင့် ပေါ်ပေါက်ပြီး ရေရှည်မှာ အများစုအတွက် အကျိုးရှိမယ်ဆိုပါက ဖြေနိုင်စရာရှိပါတယ်။ စီးပွားရေးလုပ်ငန်းမှာ ရေတို၊ ရေရှည်ဆိုတဲ့ ကိန်းရှင်တွေကို စီမံကိန်းတွေရေးဆွဲရာမှာ ထည့်သွင်းရေးဆွဲရပါတယ်။

လတ်တလော အရှုံးခံထုတ်လုပ်ပြီး နောင်မှ တဖြည်းဖြည်း အမြတ်ရရှိရေးကို ကြိုးစားအားထုတ်မလား ဒါမှမဟုတ် ပစ္စည်းစထုတ်ထုတ်ချင်း အသစ်အဆန်းအနေနဲ့၊ အရည်အသွေးသင့်ရုံနဲ့၊ ဈေးမြင့်မြင့်ထားပြီး ရောင်းချခြင်းနဲ့ အကျိုးအမြတ်များများရယူထားပြီးမှ နောင်ဈေးနှုန်းလျှော့ခြင်း၊ အရည်အသွေးမြှင့်တင်ပေးခြင်းတို့ ပြုလုပ်မလား။ ရေတိုအချိန်တိုအတွင်းမှာ ကိုယ့်စီးပွားရေး တောင့်တင်းခိုင်မာအောင်လုပ်ပြီးမှ ရေရှည်စားသုံးသူအဆင်ပြေရေးကို စဉ်းစားတာမျိုးလည်းရှိပါတယ်။

အကျိုးအမြတ်ရှိမှလည်း စီးပွားရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်သွားနိုင်မှာ ဖြစ်ပါတယ်။ တချို့လုပ်ငန်းတွေမှာ ငွေကြေးရင်းနှီးမှု ပမာဏများပြီး အကျိုးအမြတ်ရအောင် လုပ်မရတဲ့သဘောရှိပါတယ်။ စဦးပိုင်းမှာ သွင်းအားစုများစွာ ထည့်ထားပြီးမှ ရေရှည်အကျိုးအမြတ်ကို တဖြည်းဖြည်းချင်း ထုတ်ယူရတဲ့ သဘာဝလည်းရှိပါတယ်။ စီးပွားရေးလောကထဲမှာ အကျိုးအမြတ်ရအောင် ဖန်တီးခြင်းဟာ ပြုအပ်တဲ့အမှုသာ ဖြစ်ပါတယ်။ လမ်းကျပါတယ်။ မြတ်ချင်လို့ စီးပွားရေးဝင်လုပ်တာပါ။ ဒါသဘာဝပါ။ တစ်ခါတစ်ရံ အမြတ်အစွန်းရရှိဖို့နဲ့ ကိုယ်ကျင့်သိက္ခာပိုင်း တဲ့တိုးလွန်ဆွဲတဲ့ အနေအထားတွေလည်း ပေါ်ပေါက်လာတတ်ပါတယ်။

### ကိုယ်ကျိုးနှင့် အများအတွက်

လူဟာ အတ္တကို ဗဟိုပြုပြီး ဘဝတွေ ရှင်သန်နေသူဖြစ်ပါတယ်။ စီးပွားရေးလုပ်ရာမှာ မိမိအတ္တရဲ့ ကြိုးကိုင်မှုကို အနည်းနဲ့အများ ခံရပါတယ်။ ကိုယ့်အတ္တရဲ့ အနေအထားအမှန်ကိုသိရင် ထိန်းကျောင်းနိုင်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ အထက်မှာ ပြောခဲ့သလို ဘဝတစ်ခုကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်မယ်ဆိုပါက အတ္တ၊ ပရမျှအောင် တည်ဆောက်ခြင်းနဲ့သာ ကောင်းမွန်တဲ့၊ အေးချမ်းတဲ့ဘဝကို ပိုင်ဆိုင်နိုင်မှာ ဖြစ်ပါတယ်။

> **✪ လူဟာ အတ္တကိုဗဟိုပြုပြီး ဘဝတွေရှင်သန်နေသူဖြစ်ပါတယ်။ စီးပွားရေးလုပ်ရာမှာ မိမိအတ္တရဲ့ ကြိုးကိုင်မှုကို အနည်းနဲ့အများ ခံရပါတယ်။ ကိုယ့်အတ္တရဲ့ အနေအထားအမှန်ကိုသိရင် ထိန်းကျောင်းနိုင်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ အထက်မှာပြောခဲ့သလို ဘဝတစ်ခုကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်မယ်ဆိုပါက အတ္တ၊ ပရ မျှအောင် တည်ဆောက်ခြင်းနဲ့သာ ကောင်းမွန်တဲ့၊ အေးချမ်းတဲ့ဘဝကို ပိုင်ဆိုင်နိုင်မှာ ဖြစ်ပါတယ်။**
>
> **✪ အတ္တ၊ ပရ မျှအောင် မဆောင်ရွက်နိုင်ဘူးဆိုရင် တစ်ဖက်ဖက်ကို အလေးသာပေးရတော့မှာပါ။ အတ္တဆိုတာ သတ်လို့မရပါဘူး။ မြွေမသေ တုတ်မကျိုးဘဲ လုပ်လို့ရမှာပါ။ အတ္တကို သတ်လို့မရပါ။ ပရနဲ့ ချော့မြှူပြီး ယဉ်ပါးအောင် လုပ်ယူရပါမယ်။**

ကိုယ့်ကြမ္မာကိုယ်ဖန်တီးတယ်ဆိုရာမှာ အတ္တ၊ ပရမျှတရေးကိုပါ ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ အတ္တ၊ ပရမျှအောင် မဆောင်ရွက်နိုင်ဘူးဆိုရင် တစ်ဖက်ဖက်ကို အလေးသာပေးရတော့မှာပါ။ အတ္တဆိုတာ သတ်လို့မရပါဘူး။ မြွေမသေ တုတ်မကျိုးဘဲ လုပ်လို့ရမှာပါ။ အတ္တကို သတ်လို့မရပါ။ ပရနဲ့ ချော့မြှူပြီး ယဉ်ပါးအောင် လုပ်ယူရပါမယ်။

ဘယ်လိုကိုယ့်အတ္တကို ကိုယ်တိုင်ယဉ်ပါးအောင် လုပ်ယူရမလဲဆိုတာ ဒီစာတမ်းရှင် Peter. Drucker က သူ့ကိုယ်တွေ့ဖြစ်ရပ်လေးကို ဥပမာပေးပြီး လမ်းပြထားပါတယ်။ Drucker က "ကျွန်တော်ဟာ ကိုယ့်ရဲ့ ကိုယ်ကျင့်သိက္ခာကို အမြဲဆန်းစစ်နေပါတယ်။ ငယ်ရွယ်စဉ်ကတည်းကပါ။ ၁၉၃၀ ပြည့်နှစ်တွေအတွင်းမှာ အင်္ဂလန်နိုင်ငံ စီးပွားရေးကပ်ဆိုက်တော့ ကျွန်တော်ရင်းနှီးမြှုပ်နှံမှုဘဏ်ကြီးမှာ အိမ်ခြံမြေအကဲဖြတ် မန်နေဂျာရာထူး ရထားပါပြီ။ ကျွန်တော့် ရာထူး၊ ကျွန်တော့်နေရာက ကျွန်တော့်ရဲ့ ဘဏ်ကြီးကို ကောင်းကောင်းအကျိုးပြုနိုင်ပါတယ်။ စီးပွားရေးကပ်ကြီးဆိုက်တော့ လန်ဒန်မြို့သူမြို့သားတွေ ဒုက္ခလှလှကြီးတွေ့ကြတာပေါ့။ မြေတွေ၊ အိမ်တွေ ပေါင်ရတဲ့အထိ ဖြစ်လာတာပေါ့။ လုပ်ငန်းရှင်တွေလည်း ပေါင်ထားတဲ့ အိမ်ခြံမြေတွေ ပြန်မရွေးနိုင်တော့ဘူး။ တန်ဖိုးဖြတ်ပြီး ဘဏ်ကို သူတို့ရဲ့ အိမ်ခြံမြေတွေ ထိုးအပ်ကြရတော့တာပေါ့။ ဈေးဖြတ်ဖို့က ကျွန်တော့်ပါးစပ်ပေါ်မှာ မူတည်တယ်။

### သီလမပျက်ရ

ကျွန်တော့် ဘဏ်ကြီးအကျိုးရှိလေ၊ ကျွန်တော့် အနာဂတ် ထွန်းလင်းတောက်ပလေဆိုတာ ကျွန်တော် ကောင်းကောင်းသိတယ်။ တောက်ပတဲ့ အနာဂတ်ရဲ့ အဆုံးမှာ ဘဝနိဂုံးဆိုတာ ရှိတယ်လေ။ ပစ္စုပ္ပန်မှာ ဒုက္ခရောက်နေတဲ့ လူအများစုအကျိုးကို မငဲ့ဘဲ ကျွန်တော့်ရဲ့အလုပ်ရှင် ဘဏ်အကျိုးကို ကြည့်ပြီး ဆောင်ရွက်မယ်ဆိုရင် ကျွန်တော့် အုတ်ဂူဟာ သင်္ချိုင်းထဲမှာ အကြီးဆုံး၊ အခမ်းနားဆုံး ဖြစ်နေမှာ ကျိန်းသေပါတယ်။

ကျွန်တော့်အတ္တကိုလျှော့ပြီး ပစ္စုပ္ပန်တည့်တည့်ရှုခိုင်းခဲ့ပါတယ်။ အပူရုပ်နဲ့ လူလုပ်နေရတဲ့ သူတွေ ဘဏ်တွေရှိရာ အပြေးအလွှားလာနေကြပါတယ်။ ကျွန်တော့် ကိုယ်ကျင့်သိက္ခာက တောက်ပနေတဲ့ အနာဂတ်ကို ကြည့်ခွင့်မပြုပါဘူး။ ဒါကြောင့် ကျွန်တော် အလုပ်ကထွက်လိုက်ပါတယ်။ ဒါဒီစာတမ်းကို ပြုစုတဲ့ပညာရှင် Peter. Drucker ရဲ့ ကိုယ်တွေ့ဖြစ်ရပ်ပါ။

အလုပ်ကထွက်လိုက်တော့ Mr. Drucker ဘာဖြစ်သွားသလဲ။ "ကျွန်တော်အတော် ဒုက္ခတွေ့သွားပါတယ်။ ကျွန်တော်ချမ်းသာတဲ့ လူတစ်ယောက် မဟုတ်ပါဘူး။ ပြီးတော့ ခေတ်ပျက်ကြီးထဲမှာ တခြားဘယ်နေရာမှာမှ အလုပ်ရှာဖို့ မလွယ်ပါဘူး။ ပြီးတော့ ဒီစီးပွားရေးကပ်ကြီးဟာ နာတာရှည်ဖြစ်နေဦးမှာ ကျွန်တော်သိတာပေါ့။ ဒါပေမဲ့ ဘဏ်ဘက်ကထားတဲ့ တန်ဖိုးတွေနဲ့၊ ကျွန်တော့်ဘက်ကထားတဲ့ တန်ဖိုးတွေမတူပါဘူး။ ကျွန်တော် အလုပ်ထွက်ခဲ့တာ မှန်တယ်လို့ ဒီနေ့ထိ ယုံကြည်နေဆဲပါ"။ Mr. Drucker ဟာ ကိုယ့်ကိုယ်ကိုယ်သိ၊ ကိုယ့်သီလကိုယ် လုံအောင်လုပ်ရင်း နိဗ္ဗာန်တံခါး ရှာတွေ့သွားတာပါ။ နိဗ္ဗာန်တံခါး ဘယ်မှာရှိမှန်း မသိသူတွေလည်း အများကြီးပါ။

### နိဂုံး

အထက်ပါစာတွေကို ကျွန်တော် အလွန်နှစ်သက်သဘောကျပါတယ်။ သဘောကျလို့ ပြန်လည်မျှဝေဖော်ပြတာပဲ ဖြစ်ပါတယ်။ မူရင်းစာရေးသူ ဆရာမောင်ချို(စိတ်ပညာ) ကိုလည်း ကျေးဇူးတင်ပါတယ်။ စာဖတ်သူ စာချစ်သူတွေလည်း ဆက်ပြီးရှာဖွေဖတ်ရှုကြည့်ကြပါလို့ အကြံပြုလိုက်ပါတယ်။ ။

---

**○ အာရှဖလားမှ**

ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၂၂၊ ယူ-၂၃ အသင်းနည်းပြချုပ်အဖြစ် ဘူဂေးလ်ရီးယားနိုင်ငံသား ပိုပေ့ါဗ်ကို တာဝန်ပေးထားသည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲကို အောက်တိုဘာလ နောက်ဆုံးပတ်တွင် ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုချင်းစီအလိုက် အိမ်ရှင်နိုင်ငံများ ရွေးချယ်ကာ ပြုလုပ်သွားမည်ဖြစ်သည်။

နောက်ဆုံးအဆင့်ကိုမူ ဥဇဘက်ကစ္စတန်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခွင့်ရထားပြီး ၂၀၂၂ ခုနှစ် စက်တင်ဘာ ၆ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ကျင်းပပြီးစီးသွားသည့် လေးကြိမ်တွင် အီရတ်၊ ဂျပန်၊ ဥဇဘက်ကစ္စတန်နှင့် တောင်ကိုရီးယားအသင်းတို့က တစ်ကြိမ်စီ ဗိုလ်စွဲထားပြီး အရှေ့တောင်အာရှအသင်းများတွင် အမြင့်ဆုံးရပ်တည်မှုအဖြစ် ဗီယက်နမ်အသင်းက ၂၀၁၈ ပြိုင်ပွဲတွင် ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သည်။

**သတင်း-ကိုညီလေး**

# အမေရိကန်နိုင်ငံ၌ အသက် ၁၂ နှစ်မှ ၁၅ နှစ်အရွယ်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေးလျက်ရှိ



**ဝါရှင်တန် မေ ၁၄**
အမေရိကန်နိုင်ငံအတွင်းရှိ ပြည်နယ်အများအပြား၌ အသက် ၁၂ နှစ်မှ ၁၅ နှစ်အရွယ်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အမေရိကန်အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့က အဆိုပါအသက်အရွယ်အုပ်စုအား ကာကွယ်ဆေးထိုးနှံပေးရန် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မေ ၁၀ ရက်တွင် အတည်ပြုခဲ့သည်။ အသက် ၁၆ နှစ်နှင့်အထက် ပြည်သူများအား ကာကွယ်ဆေးထိုးနှံပေးရန်အတွက်ကိုလည်း Pfizer ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးကို အတည်ပြုခဲ့သည်။

နယူးဂျာစီပြည်နယ်ရှိ Rowan တက္ကသိုလ်၌ ကာကွယ်ဆေးထိုးနှံရေးစင်တာ ဖွင့်လှစ်ထားရှိပြီး အသက် ၁၂ နှစ်မှ ၁၅ နှစ်အရွယ် ပြည်သူများအား ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် ဆရာဆရာမများ၏ သင်ကြားမှုမရှိဘဲ ပညာသင်ယူရန် ခက်ခဲမှုများစွာရှိကြောင်းနှင့် ယခင်အခြေအနေကို အမြန်ဆုံးပြန်လည်ရောက်ရှိရန် မျှော်လင့်ပါကြောင်း ကာကွယ်ဆေးလာရောက်ထိုးနှံမှုခံယူသည့် အသက် ၁၅ နှစ်အရွယ်မိန်းကလေးတစ်ဦးက ပြောကြားခဲ့သည်။

Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကုမ္ပဏီက အသက် ၁၁ နှစ်အောက်အရွယ် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးရန် လက်တွေ့စမ်းသပ်မှုများ လုပ်ဆောင်လျက်ရှိပြီး စက်တင်ဘာလမတိုင်မီ အဆိုပါအသက်အရွယ် အုပ်စုအတွက် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အရေးပေါ်သုံးစွဲခွင့်ပြုရန် အမေရိကန်အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့သို့ လျှောက်ထားမည်ဖြစ်ကြောင်း သိရသည်။ **ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**

## ဗြိတိန်နိုင်ငံ၌ အိန္ဒိယ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ လေးဦးသေဆုံး

**လန်ဒန် မေ ၁၄**
ဗြိတိန်နိုင်ငံ၌ အိန္ဒိယနိုင်ငံတွင် စတင်တွေ့ရှိခဲ့သည့် ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ လေးဦးသေဆုံးကြောင်း ယနေ့ ထုတ်ပြန်သော တရားဝင်အချက်အလက်များအရ သိရသည်။

ယခုဗိုင်းရပ်စ်ကူးစက်ခံရသူများ သေဆုံးမှုသည် ဗြိတိန်တွင် ပထမဆုံး ဗီဇပြောင်းဗိုင်းရပ်စ်ကြောင့် သေဆုံးခြင်းဖြစ်ပြီး ၎င်းသေဆုံးသူများသည် မေ ၅ ရက်မှ ၁၂ ရက်အတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အစိုးရက ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

နိုင်ငံအတွင်း ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများပြားသောဒေသများတွင် ရောဂါကူးစက်မှုများကို ထိန်းချုပ်နိုင်ရန်အတွက် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများကို တင်းကျပ်စွာ ချမှတ်သွားမည်ဖြစ်ပြီး ၎င်းစည်းမျဉ်းများတွင် လူငယ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန်လုပ်ငန်းလည်း ပါဝင်ကြောင်း ကာကွယ်ဆေးဆိုင်ရာ ဝန်ကြီး နက်ဟင်းဇဟာဝီက ပြောကြားသည်။

ဗြိတိန်နိုင်ငံ၌ B1617.2 ဟု အမည်ပေးထားသော ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၃၁၃ ဦးရှိကြောင်း သိရသည်။ ဗြိတိန်ဆေးသိပ္ပံပညာရှင်များက နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် ဗီဇပြောင်းဗိုင်းရပ်စ်အား ကာကွယ်ရာတွင် အစွမ်းထက်ထိရောက်မှု နည်းပါးမည်ကို စိုးရိမ်နေကြသည်။ နိုင်ငံအတွင်း ဗီဇပြောင်းဗိုင်းရပ်စ်များ ပျံ့နှံ့လာခြင်းက အသွားအလာကန့်သတ်မှုများ ဖြေလျှော့မည့်အရေးကို နှောင့်နှေးသွားမည်ဟု စိုးရိမ်မှုများရှိနေသည်။ သို့သော် အသွားအလာကန့်သတ်မှုဖြေလျှော့ခြင်းကို မူလအစီအစဉ်အတိုင်း ဆောင်ရွက်သွားမည်ဟု ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင်က ပြောကြားသည်။ မေ ၁၇ ရက်မှစတင်ပြီး စားသောက်ဆိုင်များ၊ ဘီယာဆိုင်များကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည် ဖြစ်သည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- စိုးသူရ**

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၄ သန်းကျော်ရှိလာ

**နယူးဒေလီ မေ ၁၄**
အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၄၃၁၄၄ ဦးထပ်မံ စစ်ဆေးတွေ့ရှိရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၄၀၄၆၈၀၉ ဦး ရှိလာခဲ့ပြီဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၄၀၀၀ ကျော် ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၆၂၃၁၇ ဦး ရှိလာပြီဖြစ်သည်။ လက်ရှိအချိန်အထိ ပိုးတွေ့လူနာ ၃၇၀၄၈၃၉ ဦးရှိပြီး ရောဂါမှပြန်လည်သက်သာ လာသူပေါင်း ၂၀၀၇၉၅၉၉ ဦး ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လျက်ရှိသည့်အတွက် ဗဟိုအစိုးရက ခရီးသွားလာမှုကန့်သတ်ချက်များကို ချမှတ်ခဲ့သည်။ မြို့တော်နယူးဒေလီ၌ မေ ၁၇ ရက်အထိတိုင် ခရီးသွားလာမှုကန့်သတ်ချက်များကို ချမှတ်ထားသည်။

နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဇန်နဝါရီ ၁၆ ရက်တွင် စတင်ခဲ့ပြီး လက်ရှိအချိန်အထိ ပြည်သူ ၁၇၉ သန်းအား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## နိုင်ငံအတွင်းရှိ ခရိုင်သုံးခု၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေ ကြေညာရန် ဂျပန်အစိုးရဆုံးဖြတ်

**တိုကျို မေ ၁၄**
ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများ မြင့်တက်နေသဖြင့် ဟော့ကိုင်းဒိုး၊ အိုကာယာမာနှင့် ဟီရိုရှီးမားခရိုင်တို့တွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာအရေးပေါ်အခြေအနေကြေညာရန် ဂျပန်အစိုးရက ယနေ့ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

အဆိုပါခရိုင်များတွင် ရောဂါကူးစက် ပျံ့နှံ့မှုမြင့်တက်နေပြီး ကျန်းမာရေး စောင့်ရှောက်မှုစနစ်များမှာလည်း ယိုယွင်းနေသော အခြေအနေတွင် ရှိနေသည်။ တိုကျိုနှင့် အိုဆာကာ အပါအဝင် ခရိုင် ခြောက်ခုတွင်လည်း ယခုလအကုန်အထိ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားသည်။ တိုကျိုမြို့ အနီးတစ်ဝိုက်ရှိ ခရိုင် ရှစ်ခုတွင်လည်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းများကို တင်းတင်းကျပ်ကျပ် ချမှတ်ထားသည်။ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများနှင့်အစိုးရ၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအဖွဲ့သည် မေ ၁၄ ရက် အစောပိုင်းက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ဆွေးနွေးကြသည်။

မြို့တော်တိုကျိုအပါအဝင် ဂျပန်နိုင်ငံတစ်ဝန်းလုံးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများ မြင့်တက်လျက်ရှိပြီး ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုများလည်း ရှိနေကြောင်း ဂျပန်နိုင်ငံစီးပွားရေးပြန်လည်ရှင်သန်ရေးဆိုင်ရာ ဝန်ကြီး နိရှီမူရာယာဆူတိုရှီက ပြောကြားသည်။



နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်မားနေသော ဒေသများတွင် ချူဂိုကူ၊ ရှီကိုကူနှင့် ကျူရှူးဒေသတို့ ပါဝင်ကြောင်း သိရသည်။

N501Y ဟု အမည်ပေးထားသော ဗီဇပြောင်းဗိုင်းရပ်စ်အား နိုင်ငံအတွင်း ယခုထပ်မံတွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများတွင် အများဆုံး တွေ့ရှိရကြောင်း ဂျပန်အမျိုးသားကူးစက်ရောဂါဆိုင်ရာ အင်စတီကျူမှ သုတေသီများက ပြောကြားသည်။ ယနေ့တွင် တိုကျိုမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၅၄ ဦးနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူ နှစ်ဦးရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- စိုးသူရ**

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၁၁၃ ဦး ထပ်မံ တွေ့ရှိ

**ကွာလာလမ်ပူ မေ ၁၄**
မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၁၁၃ ဦး ထပ်မံစစ်ဆေးတွေ့ရှိရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၄၆၂၁၉၀ ရှိလာပြီဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

ကိုဗစ်-၁၉ လူနာ ၃၄ ဦး ထပ်မံသေဆုံးရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၈၂၂ ဦး ရှိလာခဲ့ပြီဖြစ်သည်။ အဆိုပါ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၁၁၃ ဦးအနက် တစ်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူဖြစ်ပြီး ကျန် ၄၁၁၂ ဦးသည် ပြည်တွင်းကူးစက်ခံရခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နူးဟစ်ဟမ် အဗ်ဒူလာက ယနေ့သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

သို့သော် ကိုဗစ်-၁၉ လူနာ ၄၁၉၀ သည် ရောဂါသက်သာလာသည့်အတွက် ပြန်လည်ကျန်းမာလာသူပေါင်း ၄၁၈၈၉၇ ဦး (၉၀ ဒသမ ၆ ရာခိုင်နှုန်း) ရှိပြီဖြစ်သည်။

လက်ရှိအချိန်အထိ ပိုးတွေ့ရှိဆဲလူနာ ၄၁၄၇၁ ဦးအနက် ၄၈၂ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိပြီး ယင်းတို့အနက် လူနာ ၂၅၀ သည် အသက်ရှူလမ်းကြောင်းဆိုင်ရာ အထောက်အကူပြုကိရိယာများ တပ်ဆင်ထားရကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# အမေရိကန်နိုင်ငံ အိုဟိုင်းအိုးပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံမှုခံယူသူများအား ဆုကြေးငွေနှင့် ပညာသင်ဆုများ ချီးမြှင့်ပေးမည်

**ဝါရှင်တန် မေ ၁၄**

အမေရိကန်နိုင်ငံ အိုဟိုင်းအိုးပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ်ထိုးနှံမှုခံယူပြီးသူများအား အမေရိကန်ဒေါ်လာ ငါးသန်း (သို့မဟုတ်) ကောလိပ်ပညာသင်ဆုများကို ရွေးချယ်ချီးမြှင့်ပေးအပ် သွားမည်ဖြစ်ကြောင်း သိရသည်။

အိုဟိုင်းအိုးပြည်နယ် အုပ်ချုပ်ရေးမှူး မိုက်ဒီဝိုင်က အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများကို



အပတ်စဉ် မဲစနစ်ဖြင့် ရွေးချယ်သွားမည်ဖြစ်ပြီး မဲပေါက်သူများအား ဆုကြေး ငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မေ ၂၆ ရက်မှစပြီး ရက်သတ္တ ငါးပတ်ခန့် မဲနှိုက်ရွေးချယ်သွားမည်ဖြစ်ပြီး မဲပေါက်သူ ငါးဦးသည် အမေရိကန်ဒေါ်လာ တစ်သန်းစီ ရရှိမည်ဖြစ်သည်။

**ပညာသင်ဆု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုခံယူပြီးသူ အသက် ၁၇ နှစ်အောက် အရွယ် ပြည်သူများကိုလည်း မဲစနစ်ဖြင့် ရွေးချယ်ကာ ပညာသင်ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း အုပ်ချုပ်ရေးမှူး မိုက်ဒီဝိုင်က ပြောကြားသည်။

အဆိုပါ ဆုကြေးငွေများနှင့် ပညာသင်ဆုများ ပေးအပ်ခြင်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် ပြည်သူများအား တိုက်တွန်းသည့် လုပ်ဆောင်ချက်တစ်ခု ဖြစ်ပါကြောင်း အုပ်ချုပ်ရေးမှူး မိုက်ဒီဝိုင်က ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားထားသည်။

အလားတူ အမေရိကန်နိုင်ငံအတွင်းရှိ အချို့သောပြည်နယ်များတွင်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူရန် ပြည်သူများအားတိုက်တွန်းသည့် အလားတူ လုပ်ဆောင်ချက်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၄၆၂ ဦးထပ်မံတွေ့ရှိ



**မော်စကို မေ ၁၄**

ရုရှားနိုင်ငံ၌ လွန်ခဲ့သော တစ်ရက်အတွင်း ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူ ၉၄၆၂ ဦးထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၉၂၂၉၀၁ ဦးရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ရောဂါဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးစင်တာမှ ယနေ့ ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကြောင့် သေဆုံးသူ ၃၉၃ ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကြောင့် သေဆုံးသူပေါင်း ၁၁၅၁၁၆ ဦးရှိလာသည်။ နိုင်ငံအတွင်း ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၅၃၇၆၃၄ ဦးရှိကြောင်း သိရသည်။

မော်စကိုဒေသသည် ကိုဗစ်-၁၉ရောဂါဖြစ်ပွားမှုဒဏ်ကို အဆိုးရွားဆုံးခံစားရသော ဒေသဖြစ်ပြီး ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၃၁၂၃၅ ဦးကို ထပ်မံတွေ့ရှိခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါ ရှိ မရှိ စစ်ဆေးမှု ၁၃၂ဒသမ၇သန်းကို ဆောင်ရွက်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ဂျပန်အစိုးရက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဝယ်ယူရန် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံ ထပ်မံသုံးစွဲမည်

**တိုကျို မေ ၁၄**

ဂျပန်အစိုးရက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်မံဝယ်ယူရန်အတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံ သုံးစွဲသွားမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအတွက် အမေရိကန်ဒေါ်လာ ၄၆ ဘီလီယံဒေါ်လာသုံးစွဲပြီး ဖြစ်သည်။

နိုင်ငံခြားဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံဝယ်ယူရန် ယမန်နေ့တွင်ကျင်းပသည့် ဂျပန်အစိုးရအဖွဲ့အစည်းအဝေး၌ ဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာလမတိုင်မီ အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer မှ ကာကွယ်ဆေးဝယ်ယူရန် ဂျပန်အစိုးရက စီစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် Moderna ဆေးဝါးကုမ္ပဏီနှင့် Novavax ဆေးဝါးကုမ္ပဏီတို့ထံမှလည်း လာမည့်နှစ်တွင် ကာကွယ်ဆေးများ ဝယ်ယူသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် မြင့်တက်လျက်ရှိသည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၈၀၀ ကျော်ရှိရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၆၆၅၅၄၇ ဦးရှိလာပြီဖြစ်သည်။ အလားတူ အဆိုပါရောဂါကြောင့် ၁၀၁ ဦး ထပ်မံသေဆုံးခဲ့ရာ ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၁၁၂၅၅ ဦးရှိပြီဖြစ်သည်။

ဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ၁၂၀၉ ဦးသည် ရောဂါဝေဒနာ ပြင်းထန်စွာခံစားနေရကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း မြင့်တက်လာခြင်းကြောင့် အသွားအလာကန့်သတ်မှု တင်းကျပ်မည်

**စင်ကာပူ မေ ၁၄**

စင်ကာပူအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းမြင့်မားလာခြင်းကြောင့် စားသောက်ဆိုင်များတွင် ဆိုင်ထိုင်စားသောက်ခြင်းနှင့် လူနှစ်ဦးထက်ပိုသော လူစုလူဝေးပြုလုပ်မှုတားမြစ်ခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်များကို မေ ၁၆ ရက်မှစ၍ ပြန်လည်တင်းကျပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အဆင့်မြင့်သတိပေးချက်**

စင်ကာပူနိုင်ငံ၌ ပြီးခဲ့သည့် သီတင်းပတ်အတွင်း ချန်ဂီ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ထိတွေ့မှုရှိသည့် လူ ၄၉ ဦးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုတွေ့ရှိခဲ့ပြီးနောက် နိုင်ငံအတွင်း အဆင့်မြင့် သတိပေးချက် ထုတ်ပြန် ကြေညာထားသည်။

စင်ကာပူအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် လုပ်ငန်းခွင်များတွင် ဝန်ထမ်း ၅၀ ခန့်သာ အလုပ်လုပ်ရန်ယခင်က သတ်မှတ်ထားသည်။ သို့သော် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ အစုလိုက်အပြုံလိုက် ကူးစက်မှုဖြစ်ပွားခဲ့ပြီးနောက် ယင်းကန့်သတ်ချက်များကို ပိုမိုတင်းကျပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ဇွန် ၁၃ ရက်အထိ ကြာမြင့်မည့် အဆိုပါ ကန့်သတ်ချက်များအရ ကုမ္ပဏီများအနေဖြင့် နေအိမ်မှအလုပ်လုပ်ကိုင် ဆောင်ရွက်သည့်စနစ်ကို ကျင့်သုံးမည်ဖြစ်ပြီး ရုပ်ရှင်ရုံများ၊ ကုန်တိုက်ကြီးများနှင့် စီးပွားရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ကန့်သတ်ထားမည်ဖြစ်ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် စင်ကာပူ ပညာရေးဝန်ကြီးက စင်ကာပူအစိုးရသည် ကိုဗစ် -၁၉ ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ အစီအမံများကို ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

**ကိုးကား – ကျိုဒိုနယူးစ်**
**ဘာသာပြန် – ဂျေတီ**



## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၆၁၉၂၉၉၁၀ | ဦး |
| သေဆုံးသူ | ၃၃၆၀၉၃၅ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၃၉၇၇၅၄၄၁ | ဦး |

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ်၌ ငွေကျပ်သိန်း ၇၂၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ်၌ ငွေကျပ် သိန်း ၇၂၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မိုးမိတ်မြို့နယ် မိုးမိတ်-တွင်းငယ်သွားကားလမ်းဆုံ၌ မိုးကုတ်မှ မိုးမိတ်သို့ စိုင်းလှအောင် မောင်းနှင်ပြီး ဆန်းလွင်မိုးနှင့် လအောင် လိုက်ပါလာသည့် ယာဉ်ကို ရှာဖွေရာ ကာလတန်ဖိုး ငွေကျပ်သိန်း ၇၂၀ တန်ဖိုးရှိ ဘိန်းဖြူ ၄ ဒသမ ၄ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်များအရ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်မှ ကချင်ပြည်နယ် ဗန်းမော်မြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# ပြင်ဦးလွင်မြို့နယ် ယာဉ်မတော်တဆမှု ကယ်ဆယ်ရေးဆောင်ရွက်

**နေပြည်တော် မေ ၁၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင် - လားရှိုးကားလမ်း မိုင်တိုင်အမှတ် (၅၁/၁) နှင့် (၅၁/၂)အကြားတွင် မေ ၁၃ ရက် နံနက်ပိုင်းက မန္တလေးမှ မူဆယ်သို့ ယာဉ်မောင်း ဦးမင်းထွေး မောင်းနှင်လာသော HINO အဖြူရောင် ၂၂ ဘီးယာဉ်သည် သံပေါင်များတင်ဆောင် မောင်းနှင်လာစဉ် အရှိန်လွန်၍ တိမ်းမှောက်မှုဖြစ်ပွားခဲ့သဖြင့် ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီးဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ဦးမင်းထွေးတွင် ထိခိုက်ဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့ပြီး ယာဉ်နောက်လိုက် ကိုသက်ပိုင်စိုးသည် သံပေါင်တန်းများပိမိ၍ သေဆုံးခဲ့သဖြင့် အမှတ်(၁) တပ်မတော် ခုတင်(၇၀၀)ဆေးရုံ ပြင်ဦးလွင်သို့ ကူညီပို့ဆောင်ပေးခဲ့ပြီး ယာဉ်မောင်း ဦးမင်းထွေးကို ပိတ်ချင်းမြောင်နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**အောင်မျိုး**



# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၈၂ စီး၊ သွင်းကုန် ၁၅၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၁၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၃ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှုခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၅၉၅ သန်း တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော (၁) ရေခဲသေတ္တာ (Used) 11U၊ TV (Used) 6 U နှင့် Air Con (Window Type) (Used) 4 U၊ (J) Air Cutter 25 U၊ Washing Powder 10 Pkgs၊ Lipovitan-D (100ml x 50 Bottle) 10 Pkgs နှင့် Smart Fabric Softener (450 mlx24 Pcs) 5 Pkgs ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်
ကျေးနယ်
ထွက်ရှိ

၁၅-၅-၂၀၂၁ ရက်နေ့ထုတ် အတွဲ(၁၈)၊ အမှတ်(၁၀)တွင်
- ပြည်တွင်း
- နွေထယ်ရေး (သို့မဟုတ်) မိုးကြိုထယ်ရေး
- ကလေးများ
- အဘယ်ကြောင့် အရက်စွဲနေကြသလဲ
ထွက်ရှိပြီ ဖြစ်ပါသည်။

တစ်စောင်
(၂၀၀) ကျပ်
DKY Journal



# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



**နေပြည်တော် မေ ၁၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၃ ရက် ညနေ ၄ နာရီခွဲတွင် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ရေပူ- ချောင်းဆုံသွား ကားလမ်းတွင် မသူဇာအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၀ ကိုလည်းကောင်း၊

အလားတူ ယင်းနေ့ နံနက် ၆ နာရီတွင် ဒလမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဒလမြို့နယ် စက်မြေရပ်ကွက် မင်းရဲကျော်စွာ(၁)လမ်းနေ မထက်ထက်ဝင်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ခင်ပွန်းဖြစ်သူ ရန်နိုင်အောင်ကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၈၄၉ ပြား၊ မြန်မာငွေကျပ် ၁၆ သိန်းကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ ည ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ဘန့်ဘိန်းကျေးရွာအနီး ပင်လောင်း-မော်ဘီကျေးရွာသွားလမ်းတွင် တတီး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

မသီတာရွှေ(ခ)မိငယ်၊ မထက်ထက်ဝင်း၊ ရန်နိုင်အောင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

# မွန်ပြည်နယ်၊ မြို့နယ် ၁၀ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခြင်း

၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မွန်ပြည်နယ်၊ မြို့နယ် ၁၀ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မွန်ပြည်နယ်၌ မဲဆန္ဒရှင် စုစုပေါင်း ၁၈၄၇၇၈၀ ဦးရှိသည့်အနက် ၁၀၆၈၅၂၅ ဦး မဲပေးခဲ့ကြသဖြင့် မဲပေးမှုရာခိုင်နှုန်း ၅၇.၈၃ ရာခိုင်နှုန်းရှိခဲ့ပြီး အောက်ဖော်ပြပါ နိုင်ငံရေးပါတီ ၁၅ ပါတီ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်-

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊
(ခ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊
(ဂ) ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ၊
(ဃ) ကရင်ပြည်သူ့ပါတီ၊
(င) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊
(စ) ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ၊
(ဆ) ပြည်သူ့ရှေ့ဆောင်ပါတီ၊
(ဇ) အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ၊
(ဈ) မွန်ညီညွတ်ရေးပါတီ၊
(ည) ၈၈ မျိုးဆက်ဒီမိုကရေစီပါတီ၊
(ဋ) အမျိုးသားတိုးတက်ရေးပါတီ၊
(ဌ) ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ၊
(ဍ) ပြည်သူ့ပါတီ၊
(ဎ) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ၊
(ဏ) အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊
(တ) တစ်သီးပုဂ္ဂလ။

၃။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ မွန်ပြည်နယ်၊ မြို့နယ် ၁၀ မြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၈၄၇၇၈၀ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၆၀၂၉၆၀ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၃၀၅၉၈၇ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့် အထက်ပါဝင်နေသူများမှာ ၁၃၀၀၂ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၇၄၂၆၈ ဦး ဖြစ်သည်။

၄။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းစစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ် | မဲရုံပေါင်း | မြို့နယ်ကော်မရှင်စာရင်း | လဝကစာရင်း | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | မော်လမြိုင်မြို့နယ် | ၁၁၉ | ၂၄၈၁၄၅ | ၂၂၄၈၂၄ | ၃၅၃၅၂ | ၁၃၈၉ | ၂၁၂၆၄ |
| ၂ | ကျိုက်မရောမြို့နယ် | ၉၈ | ၁၈၃၆၈၅ | ၁၄၀၂၂၄ | ၅၈၂၈၆ | ၇၉၉ | ၁၃၃၈၆ |
| ၃ | မုဒုံမြို့နယ် | ၁၀၃ | ၁၈၂၃၀၂ | ၁၆၁၁၉၂ | ၂၀၂၄၇ | ၁၀၅၁ | ၁၅၈၇၈ |
| ၄ | ရေးမြို့နယ် | ၁၃၀ | ၂၃၅၅၉၂ | ၁၇၉၅၈၀ | ၅၂၅၈၃ | ၃၁၄၇ | ၂၆၇၆၀ |
| ၅ | ချောင်းဆုံမြို့နယ် | ၇၅ | ၁၃၂၅၅၂ | ၁၂၁၉၀၄ | ၉၇၃၀ | ၁၀၅၁ | ၁၄၈၁၆ |
| ၆ | သံဖြူဇရပ်မြို့နယ် | ၇၄ | ၁၅၁၃၈၁ | ၁၄၄၁၃၀ | ၂၃၀၈၆ | ၁၂၃၃ | ၁၆၃၃၀ |
| ၇ | သထုံမြို့နယ် | ၉၉ | ၂၁၂၂၅၅ | ၁၈၄၉၆၂ | ၃၅၄၁၆ | ၁၆၁၂ | ၂၁၁၂၀ |
| ၈ | ပေါင်မြို့နယ် | ၉၈ | ၂၁၃၈၈၈ | ၁၇၄၄၃၉ | ၃၁၂၃၇ | ၉၄၇ | ၁၇၂၇၀ |
| ၉ | ကျိုက်ထိုမြို့နယ် | ၉၅ | ၁၃၈၃၆၆ | ၁၂၇၆၃၇ | ၂၀၅၅၈ | ၁၁၁၇ | ၁၅၁၁၂ |
| ၁၀ | ဘီးလင်းမြို့နယ် | ၈၂ | ၁၄၉၆၁၄ | ၁၄၄၀၆၈ | ၁၉၄၉၂ | ၆၄၇ | ၁၂၃၃၂ |
| | စုစုပေါင်း | ၉၇၃ | ၁၈၄၇၇၈၀ | ၁၆၀၂၉၆၀ | ၃၀၅၉၈၇ | ၁၃၀၀၂ | ၁၇၄၂၆၈ |

၅။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မွန်ပြည်နယ်၊ မြို့နယ် ၁၀ မြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/ လက်ကျန်အခြေအနေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၆။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၁၀ မြို့နယ်တွင် မဲရုံပေါင်း ၉၇၃ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၀၂၃၇၇၆ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၀၃၉၂၉၅၊ ကျန်ရှိရမည့်အရေအတွက်မှာ ၉၈၄၄၈၁၊ မြေပြင်လက်ကျန် ၉၅၀၆၂၅ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၄၅၅၆၈ ဖြစ်ပြီး၊ အပိုတွေ့ရှိသော မဲလက်မှတ်အရေအတွက်မှာ ၁၁၇၁၂ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မော်လမြိုင်မြို့နယ် | ၁၁၉ | ၂၆၆၇၄၆ | ၁၅၃၇၃၇ | ၁၁၃၀၀၉ | ၁၁၀၆၉၉ | ၂၇၁၂ | ၄၁၁ |
| ၂ | ကျိုက်မရောမြို့နယ် | ၉၈ | ၂၀၄၉၉၅ | ၈၈၉၇၈ | ၁၁၆၀၁၇ | ၁၁၄၃၁၄ | ၃၂၉၂ | ၁၅၈၉ |
| ၃ | မုဒုံမြို့နယ် | ၁၀၃ | ၂၀၀၀၆၂ | ၁၀၁၂၅၇ | ၉၈၈၀၅ | ၉၇၈၀၃ | ၁၆၃၅ | ၆၄၃ |
| ၄ | ရေးမြို့နယ် | ၁၃၀ | ၂၄၄၄၁၂ | ၁၂၄၆၀၀ | ၁၁၉၈၁၂ | ၁၁၆၂၀၉ | ၅၂၈၈ | ၁၆၇၆ |
| ၅ | ချောင်းဆုံမြို့နယ် | ၇၅ | ၁၄၇၉၉၄ | ၇၃၂၀၇ | ၇၄၇၈၇ | ၇၄၇၆၂ | ၁၀၅၉ | ၁၀၃၄ |
| ၆ | သံဖြူဇရပ်မြို့နယ် | ၇၄ | ၁၆၅၉၉၄ | ၈၀၃၀၅ | ၈၅၆၈၉ | ၈၅၁၉၆ | ၂၅၅၃ | ၂၀၆၀ |
| ၇ | သထုံမြို့နယ် | ၉၉ | ၂၄၃၀၉၆ | ၁၁၈၈၈၇ | ၁၂၄၂၀၉ | ၁၁၃၃၉၃ | ၁၁၂၇၃ | ၄၅၇ |
| ၈ | ပေါင်မြို့နယ် | ၉၈ | ၂၃၅၂၂၄ | ၁၂၀၂၃၇ | ၁၁၄၉၈၇ | ၁၀၈၅၆၈ | ၁၀၁၈၈ | ၃၇၆၉ |
| ၉ | ကျိုက်ထိုမြို့နယ် | ၉၅ | ၁၄၉၇၄၀ | ၈၆၇၂၀ | ၆၃၀၂၀ | ၆၁၅၅၈ | ၁၄၇၅ | ၁၃ |
| ၁၀ | ဘီးလင်းမြို့နယ် | ၈၂ | ၁၆၅၅၀၄ | ၉၁၃၆၇ | ၇၄၁၃၇ | ၆၉၁၁၃ | ၆၀၈၄ | ၆၀ |
| | စုစုပေါင်း | ၉၇၃ | ၂၀၂၃၇၇၆ | ၁၀၃၉၂၉၅ | ၉၈၄၄၈၁ | ၉၅၀၆၂၅ | ၄၅၅၆၈ | ၁၁၇၁၂ |

၇။ မွန်ပြည်နယ်၊ မြို့နယ် ၁၀ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ် ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆ (က)အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းထက် ၂၄၄၈၂၀ ဦး ပိုမိုများပြားနေပါသည်။

၈။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူ ၃၀၅၉၈၇ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ "အခန်း(၆) မဲစာရင်းပြုစုခြင်း" ပါ ပုဒ်မ ၁၅ (ဂ)တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြား မဲဆန္ဒနယ်၏မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်း မရှိစေရ" ဟု ပြဋ္ဌာန်းထားသော်လည်း မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များ၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၁၃၀၀၂ ဦး၊ ၂ ကြိမ် ပါဝင်နေသူ ၁၇၄၂၆၈ ဦးတို့ ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

**မွန်ပြည်နယ်၊ မြို့နယ် ၁၀ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆ (က)အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းထက် ၂၄၄၈၂၀ ဦး ပိုမိုများပြားနေ**

စာမျက်နှာ ၁၆ သို့ ☆

## သတင်းထုတ်ပြန်ချက်

☆ စာမျက်နှာ ၁၅ မှ

၉။ မွန်ပြည်နယ်၊ မြို့နယ် ၁၀ မြို့နယ်၏ မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၁၀၆၈၅၂၅ ဦး ဖြစ်သော်လည်း ထုတ်ယူရရှိ ဆန္ဒမဲလက်မှတ်များအနက်မှ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၁၀၃၉၂၉၅ စောင်ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၂၉၂၃၀ စောင် လျော့နည်းအသုံးပြုထားခြင်း၊

(ခ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၄၅၅၆၈ စောင် ပျောက်ဆုံးနေခြင်း၊

(ဂ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ်အပို ၁၁၇၁၂ စောင် တွေ့ရှိရခြင်း၊

(ဃ) ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ဆန္ဒမဲလက်မှတ်နှင့် အသုံးပြုပြီး လက်ခံဖြတ်ပိုင်းများကို ရွေးကောက်ပွဲပြီးနောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ လာရောက်အပ်နှံခြင်း၊

(င) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင်ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ခြင်း၊

(စ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

(ဆ) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့်ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၁၀။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အောက်ပါအတိုင်း ဥပဒေနှင့်ညီညွတ်မှုမရှိသော မှားယွင်းမှုများဖြစ်ပေါ်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်-

(က) မဲစာရင်းများပြုစုရန်အတွက် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူရာတွင် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် လူဦးရေစာရင်း ကောက်ယူရေးလုပ်ငန်းအဖွဲ့က အဓိကဆောင်ရွက်ခဲ့သည်။ မဲဆန္ဒရှင်စာရင်းများ မြေပြင်ကောက်ယူရာတွင် NLD အစိုးရက ခန့်အပ်ထားသည့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် အချို့နေရာများတွင် NLD ပါတီ၏ အောင်နိုင်ရေးအဖွဲ့များ ပူးပေါင်းကောက်ယူကြောင်း စိစစ်သိရှိရသည်။ ယင်းသို့ စာရင်းများကောက်ယူရာတွင် ရပ်ကွက်/ ကျေးရွာအတွင်း အမှန်တကယ်နေထိုင်ခြင်း ရှိ/ မရှိ၊ နိုင်ငံသားစိစစ်ရေးကတ် ရှိ/ မရှိ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူ ဟုတ်/မဟုတ် စိစစ်နိုင်ခြင်းမရှိခဲ့သည့်အတွက် မဲစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက် အပြုံလိုက်ပါဝင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၆) မဲစာရင်းပြုစုခြင်းပါ ပုဒ်မ ၁၅ (ဂ) တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်းမရှိစေရ"ဟု ပြဋ္ဌာန်းထားသော်လည်း** မဲစာရင်းများကောက်ယူရာတွင် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကိုတွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၉(ခ) အရ မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်းတွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်ရမည်**ဟု ပြဋ္ဌာန်းထားသော်လည်း ပယ်ဖျက်ခြင်းမရှိဘဲ ထည့်သွင်းမဲပေးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ခ) အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန်အတွက် ရွေးကောက်ပွဲနေ့မတိုင်မီ ၂၉-၁၀-၂၀၂၀ ရက်နေ့မှစတင်၍ ဆောင်ရွက်နိုင်ကြောင်း ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများ ကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီ အောင်နိုင်ရေးအဖွဲ့များပါဝင်၍ နေအိမ်များသို့ သွားရောက်ကာ ဆောင်ရွက်ခဲ့ကြသဖြင့် ဥပဒေနှင့်မညီသော မဲပေးမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်အရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်းမပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် အသိပေးကြေညာချက်ကို ၈-၁၀-၂၀၂၀ ရက်နေ့နှင့် ညွှန်ကြားချက်ကို ၁၁-၁၀-၂၀၂၀ ရက်နေ့တို့တွင် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာဆောင်ရွက်ခဲ့သည်။ ယင်းညွှန်ကြားချက်များကြောင့် မဲစာရင်းများထပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် မဲစာရင်းတွင်ထည့်သွင်း၍ မဲပေးခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ဂ) မဲဆန္ဒရှင်များ ဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးအတွက် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၉-၈-၂၀၂၀ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှုမပြုနိုင်သော မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲပေးခွင့်ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် မဲစာရင်းတွင်ပါဝင်သူများ မဲပေးခွင့်ရရှိခဲ့ကြသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုခဲ့သည့် ဆန္ဒပြုအမှန်ခြစ်တံဆိပ်တုံးများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် UEC တံဆိပ်မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါကလည်း ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ခြင်းသည်လည်း မဲရေတွက်မှုများတွင် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၁။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မွန်ပြည်နယ် မြို့နယ် ၁၀ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခဲ့ရာတွင် အထက်ပါစိစစ်ချက်များအရ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ "အခန်း(၆) မဲစာရင်းပြုစုခြင်း"ပါ ပုဒ်မ ၁၅ (ဂ)တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်းမရှိစေရ"ဟု ပြဋ္ဌာန်းထားသော်လည်း မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များ၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၁၃၀၀၂ ဦး၊ ၂ ကြိမ် ပါဝင်နေသူ ၁၇၄၂၆၈ ဦးတို့ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရ**



ဘီးလင်းမြို့နယ်၌ ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။




ပေါင်မြို့နယ်၌ ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူ ဟုတ်/မဟုတ် စိစစ်နိုင်ခြင်းမရှိခဲ့သည့်အတွက် မဲစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက်ပါဝင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရ

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၉(ခ)အရ မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်းတွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်ရမည်ဟု ပြဋ္ဌာန်းထားသော်လည်း ပယ်ဖျက်ခြင်းမရှိဘဲ ထည့်သွင်းမဲပေးခဲ့ကြောင်း စိစစ်တွေ့ရှိရ




သထုံမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့၏ ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။






လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး၏ တရားမဲ့လုပ်ဆောင်ခဲ့သော ဓာတ်ပုံမှတ်တမ်း။
(မုတ္တမကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ)



လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး၏ တရားမဲ့လုပ်ဆောင်ခဲ့သော ဓာတ်ပုံမှတ်တမ်း။
(ကျခတ်ငူကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ)

မဲဆန္ဒရှင်များ ဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးအတွက် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၉-၈-၂၀၂၀ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှုမပြုနိုင်သော မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ်မရှိသူများမဲပေးခွင့်ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် မဲစာရင်းတွင် ပါဝင်သူများ မဲပေးခွင့်ရရှိခဲ့ကြသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများရှိခဲ့ကြောင်း စိစစ်တွေ့ရှိရ

အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန်အတွက် ရွေးကောက်ပွဲနေ့မတိုင်မီ ၂၉-၁၀-၂၀၂၀ ရက်နေ့မှ စတင်၍ ဆောင်ရွက်နိုင်ကြောင်း ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက် ထုတ်ပြန်ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများ ကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီအောင်နိုင်ရေး အဖွဲ့များပါဝင်၍ နေအိမ်များသို့ သွားရောက်ကာ ဆောင်ရွက်ခဲ့ကြသဖြင့် ဥပဒေနှင့်မညီသော မဲပေးမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့









လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး၏
တရားမဲ့လုပ်ဆောင်ခဲ့သော ဓာတ်ပုံမှတ်တမ်း။
(မုတ္တမကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ)

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော် မေ ၁၄

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင်ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်သီရိမွန် | ကထိက၊ မန္တလေးနည်းပညာတက္ကသိုလ်၊ ပုသိမ်ကြီးမြို့နယ် | မြေပြင်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါ်ခင်ဝင်းစိန် | ဌာနခွဲစာရေး၊ မြို့နယ်ပညာရေးမှူးရုံး၊ ကောလင်းမြို့ | ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | ဦးသီဟဆွေ | ကျောင်းအုပ်၊ အထက-ခွဲ (တောင်ရိုးကွင်း)၊ ကြို့ပင်ကောက်မြို့နယ် | ကြို့ပင်ကောက်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဒေါ်ခင်မေငြိမ်း | အလယ်တန်းပြ၊ အထက(မန်ကတ်)၊ တန့်ယန်းမြို့နယ် | ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဒေါ်ပြည့်ပြည့် | မူလတန်းပြ၊ အမက(ဆင်ခေါင်း)၊ အုတ်ဖိုမြို့နယ် | အုတ်ဖိုမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | ဒေါ်သဇင်နွယ်ငြိမ်း | မူလတန်းပြ၊ အထက(ဝေါအရှေ့)၊ ဝေါမြို့နယ် | ဝေါမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဒေါ်စန္ဒာ | ကျောင်းအုပ်၊ အမက(ပန်းပင်ကုန်း)၊ လက်ပံတန်းမြို့နယ် | လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | ဒေါ်နီလာလှိုင် | အလယ်တန်းပြ၊ အထကခွဲ (နဂါးတွင်း-ပေါက်ပင်)၊ မုံရွာမြို့နယ် | မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဒေါ်နိုင်ကြူ | ဒုတိယအလယ်တန်းပြ၊ အထကခွဲ (နဂါးတွင်း-ပေါက်ပင်)၊ မုံရွာမြို့နယ် | မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဒေါ်ဇင်မာဝင်း | ဒုတိယမူလတန်းပြ၊ အထကခွဲ (နဂါးတွင်း-ပေါက်ပင်)၊ မုံရွာမြို့နယ် | မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |




ဒေါ်ခင်ဝင်းစိန် (ဌာနခွဲစာရေး၊ မြို့နယ်ပညာရေးမှူးရုံး၊ ကောလင်းမြို့)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်။




ဦးသီဟဆွေ(ကျောင်းအုပ်၊ အထက-ခွဲ(တောင်ရိုးကွင်း)၊ ကြို့ပင်ကောက်မြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်။




ဒေါ်ခင်မေငြိမ်း(အလယ်တန်းပြ၊ အထက(မန်ကတ်)၊ တန့်ယန်းမြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်။




ဒေါ်နီလာလှိုင်(အလယ်တန်းပြ)၊ ဒေါ်နိုင်ကြူ(ဒုတိယအလယ်တန်းပြ)၊ ဒေါ်ဇင်မာဝင်း(ဒုတိယမူလတန်းပြ)၊ အထကခွဲ(နဂါးတွင်း-ပေါက်ပင်)၊ မုံရွာမြို့နယ်မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်။

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများအားလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။




သတင်းစဉ်

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော်  မေ ၁၄**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်-

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဦးထိန်လင်းအောင် (အထက်တန်းသူနာပြု) | ရှုခင်းချောင်တိုက်နယ်ဆေးရုံ | ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါ်ဟေမာမွန်အောင် (သူနာပြု) | ငပုတော ပြည်သူ့ဆေးရုံ | ငပုတောမြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | ဒေါ်ဆုစန္ဒာဝင်း (သူနာပြု) | ရွှေဘို ပြည်သူ့ဆေးရုံ | ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဒေါ်အေးချမ်းငြိမ်း (သူနာပြု) | ကောလင်း ပြည်သူ့ဆေးရုံ | ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဒေါ်ထက်ထက်အောင် (သူနာပြု) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၅၀၅-က |  |
| ၆ | ဒေါ်ခင်ဌေးမြင့် (သူနာပြု) | လက်ပံတန်း ပြည်သူ့ဆေးရုံ | လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဒေါ်ဝတ်မှုံရွှေစင် (သူနာပြု) | လက်ပံတန်း ပြည်သူ့ဆေးရုံ | လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | နန်းဘီစိန် (သူနာပြု) | မြဝတီ ပြည်သူ့ဆေးရုံကြီး | မြဝတီမြို့၊ ကရင်ပြည်နယ် | ၅၀၅-က |  |
| ၉ | ဒေါ်ခင်အေးလတ် (အထက်တန်းသူနာပြု) | ဖော်လမြိုင် ပြည်သူ့ဆေးရုံ | ဖော်လမြိုင်မြို့၊ မွန်ပြည်နယ် | ၅၀၅-က |  |
| ၁၀ | ဒေါ်ခင်နှောင်းရီ (သူနာပြု) | ထန်းတပင် ပြည်သူ့ဆေးရုံ | ငါန်းစွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |

အဆိုပါအမှုဖွင့်လှစ်ထားသော သူနာပြုများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား CDM နှင့် CRPH လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

# ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများအား အသုံးပြုကာ အကြမ်းဖက်မှုလုပ်ရပ်များအား လုပ်ဆောင်

**နေပြည်တော် မေ ၁၄**

နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များ၊ အများပြည်သူသွားလာလှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများအား လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်ရာတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက် သမဝါယမ တက္ကသိုလ်လမ်းရှိ သာသနာ့ဗိမာန်မြောက်ဘက် ခြံစည်းရိုးဘေး၌ လည်းကောင်း၊ အမှုထမ်းရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးရှေ့၌ လည်းကောင်း၊ ဘုရားကုန်းကျေးရွာ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့ ရုံးဘေးရှိ မြေကွက်လပ်၌ လည်းကောင်း၊ အမှုထမ်းရပ်ကွက် ဘဏ်လမ်းကြား၌ လည်းကောင်း၊ မြို့မမြောက်ရပ်ကွက် မြို့နယ်စည်ပင်သာယာရေး ကော်မတီရုံး၏ ခြံစည်းရိုးဘေး ရေမြောင်းအတွင်း၌ လည်းကောင်း၊ တာဝကျေးရွာရှိ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် အရှေ့လမ်းမပေါ်၌ လည်းကောင်း စုစုပေါင်း ခြောက်နေရာတို့၌ မေ ၁၃ ရက်တွင် ပေါက်ကွဲမှုများဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာများမှ ပေါက်ကွဲထားသည့် PVC ပိုက်အပိုင်းအစများအား တွေ့ရှိသိမ်းဆည်းရရှိခဲ့ပြီး ပေါက်ကွဲမှုများကြောင့် လူနှင့်အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။



မြစ်ကြီးနားမြို့၌ လက်လုပ်ချိန်ကိုက်မိုင်းတစ်လုံး ပေါက်ကွဲမှုကို တွေ့ရစဉ်။

အလားတူ ယင်းနေ့ ည ၇ နာရီ ၄၅ မိနစ်တွင် မွန်ပြည်နယ် ရေးမြို့ အောင်သုခရပ်ကွက် အုန်းတောတိုးချဲ့ရပ်ကွက် (၅)လမ်း အမှတ်(၁၂)နေ ဦးအောင်နိုင်ဝင်း(စိစစ်ဆဲ)၏ နေအိမ်၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ၎င်းသည် နေအိမ်ရှေ့ စားပွဲတွင် တစ်ဦးတည်းစာဖတ်နေစဉ် နေအိမ်ရှေ့လမ်းမပေါ်မှ အကြမ်းဖက်သူ အမျိုးသားနှစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်တစ်စီးမှ လက်လုပ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ခဲ့၍ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ဦးအောင်နိုင်ဝင်း၏ ကျောကုန်းတွင် ပေါက်ကွဲစ ထိမှန်ဒဏ်ရာရရှိခဲ့ကာ အဆိုပါနေအိမ်ရှေ့ ဖိနပ်ချွတ်အပေါ်ရှိ အလျားရှစ်ပေ၊ အနံငါးပေခန့်ရှိ မျက်နှာကြက်တွင် တပ်ဆင်ထားသော အလှမီးဆိုင်း၊ နေအိမ်ရှေ့ ဖိနပ်ချွတ်ယာဘက်ခြမ်း အုတ်နံရံတို့တွင် ပေါက်ကွဲစ ထိမှန်၍ အနည်းငယ်ပျက်စီးခဲ့ကြောင်း သိရသည်။

ထို့အတူ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ (က)ရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌ ယင်းနေ့ ညပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မြို့နယ်ပြည်သူ့ဆေးရုံ၏ မျက်နှာစာရှိ လက်ဆေးကန်အောက်၌ လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲထားသည်ကို တွေ့ရှိရပြီး ပေါက်ကွဲမှုကြောင့် ဆေးရုံမျက်နှာစာရှိ ပြတင်းပေါက်မှန် ၄၈ ချပ်၊ မီးသီးခုနစ်လုံး၊ မျက်နှာကြက် ၁၀ ခုတို့ ပျက်စီးဆုံးရှုံးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အလားတူ ယနေ့နံနက် ၆ နာရီ ၃၅ မိနစ်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သခင်နက်ဖေလမ်းရှိ ကမ္ဘောဇဘဏ်ခွဲ(၁)အနီး၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါဘဏ်အနီး ခရေပင်ဘေးရှိ ဓာတ်တိုင်အောက်ခြေမှ လက်လုပ်ချိန်ကိုက်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုကြောင့် ပလက်ဖောင်း နှစ်ပေပတ်လည်ခန့်၊ ကမ္ဘောဇဘဏ်ဘေးတွင် တပ်ဆင်ထားသည့် မှန်ငါးချပ် ကွဲအက်ပျက်စီးခဲ့ပြီး အဆိုပါဘဏ်တွင် လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် တပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

၎င်းအပြင် ယနေ့နံနက် ၁၁ နာရီ ၅ မိနစ်တွင် ကချင်ပြည်နယ် မိုးမောက်မြို့ ခါနမ်ရပ်ကွက်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါရုံး အစည်းအဝေးခန်းမ ခေါင်မိုးပေါ်သို့ အမျိုးအစား (စိစစ်ဆဲ) ဗုံးတစ်လုံး ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် အမိုးသွပ်လေးချပ်ပေါက်ပြဲကာ မျက်နှာကြက် ၂၄ ချပ် ပျက်စီးဆုံးရှုံးခဲ့ကာ အဆိုပါရုံးအတွင်းရှိ ဦးစံနီပါ အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦးတို့တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့သဖြင့် တပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၁ နာရီခွဲခန့်တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ကျွဲတဲအုပ်စု ရွှေချောင်းရပ်နေ ဦးကျော်နိုင် ပိုင်ဆိုင်သော "ပြည့်ထက်သာ" စတိုးဆိုင်အား အကြမ်းဖက်သူအမျိုးသားနှစ်ဦးက လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါလက်လုပ်ဗုံးမှာ ဆိုင်အတွင်းကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ဆိုင်အတွင်း ဈေးဝယ်နေသည့် မြို့ရှောင်လမ်းနေ ဒေါ်ကြည်ကြည်သိန်း (၄၉)နှစ်(ဘ) ဦးသောင်းရွှေတွင် ဗုံးထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ပခုက္ကူပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

## ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) နောက်ထပ်လှိုင်း တစ်လှိုင်းအဖြစ် ပြင်းထန်စွာကူးစက်ပြန့်ပွားမှုမရှိစေရေး အသိပေး / သတိပေးနှိုးဆော်ချက်(၃)

ကိုရိုနာဗိုင်းရပ်စ်(COVID–19)ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် အရှိန်အဟုန်ဖြင့် ဆက်လက်ကူးစက်ပြန့်ပွားလျက်ရှိရာ ရောဂါကူးစက်ဖြစ်ပွားသူဦးရေ(၁၅၆.၇)သန်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေ (၃.၂)သန်းကျော်ရှိပြီဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံအချို့တွင်လည်း ရောဂါသည် အရှိန်အဟုန်ဖြင့် ကူးစက်ဖြစ်ပွားလျက်ရှိနေသည်ကို တွေ့ရှိရပါသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID–19) နောက်ထပ်လှိုင်းတစ်လှိုင်းအဖြစ် ပြင်းထန်စွာကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် မျိုးရိုးဗီဇပြောင်းလဲနေသော ကိုဗစ်–၁၉ ရောဂါပိုးများ မိမိတို့နိုင်ငံအတွင်းသို့ဝင်ရောက်၍ ကူးစက် ပြန့်ပွားခြင်းမရှိစေရန် အောက်ဖော်ပြပါ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို **“ကိုရိုနာဗိုင်းရပ်စ် ရောဂါမိမိကစ၍ ကာကွယ်ပါ”** ဟူသည့်ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေလိုက်နာဆောင်ရွက်ကြပါရန် အသိပေး/သတိပေး နှိုးဆော်တိုက်တွန်းအပ်ပါသည်–

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျတပ်ဆင်ထားပါ၊ လူအများနှင့် ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield)ကို တွဲဖက်တပ်ဆင်ပါ၊

(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်လုပ်ကိုင်ပါ၊

(၃) လူစုလူဝေးရှောင်ပါ၊

(၄) လက်ကို စက္ကန့်(၂၀)ကြာ မကြာခဏ စနစ်တကျ ဆေးကြောပါ၊

(၅) အလုံပိတ်အခန်းများ၊ အဲကွန်းအခန်းများ၊ လေဝင်/လေထွက်မကောင်းသောအခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ပါ၊

(၆) အိမ်ပြင်သို့ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိအသက်(၆၀)နှစ်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို/သွေးတိုး/နှလုံးစသည့်...နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊

(၇) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine)လုပ်ငန်းစဉ်များတွင် အပြည့်အဝ ပူးပေါင်းပါဝင်ပါ၊

(၈) ပါးစပ်နှင့်နှာခေါင်းစည်း(Mask)မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊

(၉) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ၊

(၁၀) ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါ၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ၊

(၁၁) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ပါ၊

(၁၂) ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အားအင်ကုန်ခန်းခြင်း ရုတ်တရက်အနံ့အရသာ ပျောက်ဆုံးခြင်း လက္ခဏာများပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၆၂၆၄၀၂ | ၂၆၆၆၇၁၉၉ | ၅၉၈၅၄၁ |
| ၂။ | အိန္ဒိယ | ၂၄၀၄၆၈၀၉ | ၂၀၀၇၉၅၉၉ | ၂၆၂၃၅၀ |
| ၃။ | ဘရာဇီး | ၁၅၄၃၆၈၂၇ | ၁၃၉၇၉၃၂၉ | ၄၃၀၅၉၆ |
| ၄။ | ပြင်သစ် | ၅၈၄၁၁၂၉ | ၄၉၉၉၀၇၉ | ၁၀၇၂၅၀ |
| ၅။ | တူရကီ | ၅၀၈၃၉၉၆ | ၄၈၅၆၇၆၃ | ၄၄၀၅၉ |
| ၆။ | ရုရှား | ၄၉၂၂၉၀၁ | ၄၅၃၇၆၃၄ | ၁၁၅၁၁၆ |
| ၇။ | ဗြိတိန် | ၄၄၄၄၆၃၁ | ၄၂၅၈၂၉၈ | ၁၂၇၆၅၁ |
| ၈။ | အီတလီ | ၄၁၃၉၁၆၀ | ၃၆၆၉၄၀၇ | ၁၂၃၇၄၅ |
| ၉။ | စပိန် | ၃၅၉၈၄၅၂ | ၃၂၉၇၃၄၀ | ၇၉၂၈၁ |
| ၁၀။ | ဂျာမနီ | ၃၅၇၅၆၄၄ | ၃၂၅၉၀၀၀ | ၈၆၂၇၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၇၃၄၂၈၅ | ၁၅၉၂၈၈၆ | ၄၇၈၂၃ |
| ၂။ | ဖိလစ်ပိုင် | ၁၁၃၁၄၆၇ | ၁၀၅၃၅၂၃ | ၁၈၉၅၈ |
| ၃။ | မလေးရှား | ၄၆၂၁၉၀ | ၄၁၈၈၉၇ | ၁၈၂၂ |
| ၄။ | မြန်မာ | ၁၄၃၀၃၅ | ၁၃၂၀၇၂ | ၃၂၁၂ |
| ၅။ | ထိုင်း | ၉၆၀၅၀ | ၆၂၃၁၆ | ၅၄၈ |
| ၆။ | စင်ကာပူ | ၆၁၅၀၅ | ၆၁၀၂၉ | ၃၁ |
| ၇။ | ကမ္ဘောဒီးယား | ၂၁၄၉၉ | ၉၈၆၇ | ၁၄၇ |
| ၈။ | ဗီယက်နမ် | ၃၈၁၆ | ၂၆၅၇ | ၃၅ |
| ၉။ | လာအို | ၁၄၉၈ | ၅၁၃ | ၂ |
| ၁၀။ | ဘရူနိုင်း | ၂၃၂ | ၂၂၀ | ၃ |

## ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

လွိုင်လင် မေ ၁၄

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၉၁၂ ဒသမ ၈၃၃ သန်းဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင်အတွင်း ကျောက်လမ်း ၅ မိုင်၊ အမာခံလမ်း ၃ မိုင် ၆ ဖာလုံနှင့် မီးရရှိရေး လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

လွိုင်လင်ခရိုင်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အနက်မှ လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်အတွင်း ခွင့်ပြုငွေကျပ် ၂၅၄ ဒသမ ၉၁၄ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် နားရိုင်း – ကုန်းမလမ်းမှ မောက်မယ် – ဆီဆိုင်လမ်းခွဲအထိ ၁၆ မိုင် ၆ ဖာလုံ အနက် ၂ မိုင် ကျောက်ခင်းခြင်းလုပ်ငန်းနှင့် မိုင်းကိုင်မြို့နယ်အတွင်း ခွင့်ပြုငွေကျပ် ၈၇ ဒသမ ၉၀၃ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ကွန်ကော့ – ဖောင်းဆိုင်– တုံလော ၃ မိုင် ၆ ဖာလုံ ဖြူန်းခင်းခြင်းလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးရဲလွင်ဦးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။



အဆိုပါ လမ်းများဆောင်ရွက်ပြီးစီးပါက နမ့်စန်မြို့နယ်နှင့် မိုင်းကိုင်မြို့နယ်များအတွင်းရှိ ကျေးရွာ ၅၇ ရွာ၊ အိမ်ခြေ ၁၈၃၇ အိမ်၊ လူဦးရေ ၉၆၆၄ ဦးတို့အတွက် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်၍ ဒေသခံပြည်သူများ ဝမ်းမြောက် ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

ငွေကြယ်



## ရမည်းသင်းမြို့နယ်အတွင်း တောင်သူများ လယ်ယာလုပ်ငန်းခွင်ဝင် ထွန်ယက်စိုက်ပျိုးကြပြီ

ရမည်းသင်း မေ ၁၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် သင်္ကြန်ကာလနှင့် မေလဆန်းပိုင်းရွာသွန်းခဲ့သောမိုးကြောင့် စိုက်ပျိုးရေရရှိ၍ တောင်သူအများ လယ်ယာလုပ်ငန်းခွင်ဝင် ထွန်ယက်စိုက်ပျိုးကြပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ စိုက်ပျိုးရာတွင် အများအားဖြင့် ပဲတီစိမ်းကိုသာ စိုက်ပျိုးကြပြီး တချို့မှာ နှမ်းနှင့် မြေပဲကို စိုက်ပျိုးကြသည်။ ပဲတီစိမ်းမျိုးစေ့ တစ်ပြည်လျှင် ငွေကျပ် ၃၅၀၀ ပေးရပြီး နှမ်းမျိုးစေ့ တစ်ပြည်လျှင် ငွေကျပ် ၃၀၀၀ ပေးရကြောင်း သိရသည်။ တောင်သူအများ မိုးဦးကျစိုက်ပျိုးချိန်ဖြစ်၍ ထွန်အငှားလိုက်သူများလည်း ဝင်ငွေရကြသည်။ ထွန်တစ်ရှည်းငှားပါက တစ်နေ့ ငွေကျပ် ၇၀၀၀ ပေးရသည်။ ထွန်စက်ငှား၍ ထွန်ပါက တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ ပေးရသည်။

မိုးရွာသွန်းမှုစောပြီး စိုက်ပျိုးရေရရှိသောဒေသများတွင် မြေအစိုဓာတ်ရရှိမှုအပေါ် မူတည်၍ စိုက်ပျိုးချိန်စောသောကြောင့် ယခုအခါပဲခင်းများတွင် ခက်လက်ဝေဖြာလျက်ရှိကာ ပဲခင်းများ အတွင်း၌ နောက်တစ်ပတ်၊ နှစ်ပတ်အတွင်း ကြားပေါင်းလိုက်ပေးရမည်ဖြစ်သောကြောင့် နေ့စားအလုပ်သမားများလည်း လယ်ယာလုပ်ငန်းခွင်ဝင် ဝင်ငွေရရှိကြမည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ်တွင် မြို့နယ်အတွင်း၌ မိုးရွာသွန်းမှုစော၍ တောင်သူများ မိုးဦးသီးနှံအများအပြား စိုက်ပျိုးပြီးစီးကြပြီဖြစ်ကြောင်း သိရသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

# မြို့နယ်အချို့၌ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များက လုံခြုံရေးတပ်ဖွဲ့စခန်းများနှင့် မြန်မာ့စီးပွားရေးဘဏ်တို့အား အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် မေ ၁၄**

မြို့နယ်အချို့၌ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များက လုံခြုံရေးတပ်ဖွဲ့စခန်းများနှင့် မြန်မာ့စီးပွားရေးဘဏ်တို့အား အကြမ်းဖက် ပစ်ခတ်တိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၃ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်ရှိ မြို့မရဲစခန်းအား အကြမ်းဖက်သူအင်အား ခြောက်ဦးခန့်သည် ဆိုင်ကယ်သုံးစီးဖြင့် ရောက်ရှိလာပြီး လက်လုပ်ဗုံး တစ်လုံး၊ တူမီးသေနတ်ဖြင့် နှစ်ချက် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သူများ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းတို့ပစ်ခတ်ခဲ့သည့် လက်လုပ်ဗုံးမှာ ရဲစခန်းခြံစည်းရိုး အုတ်နံရံနှင့် ပေ ၅၀ ခန့်အကွာ လမ်းမပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ကာ ပစ်ခတ်တိုက်ခိုက်မှုအတွင်း လူနှင့်အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၂ နာရီတွင် ချင်းပြည်နယ် မင်းတပ်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်အား လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူ အင်အား ၄၀ ခန့်ကလည်းကောင်း၊ ညနေ ၃ နာရီ မိနစ် ၄၀ တွင် အင်အား ၁၀၀ ခန့်ကလည်းကောင်း လက်နက်ငယ်များ၊ တူမီးသေနတ်များ၊ လက်လုပ်ဗုံးများဖြင့် အကြိမ်ကြိမ်လာရောက် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် လိုအပ်သော လုံခြုံရေးအင်အားများ ထပ်မံဖြည့်တင်း၍ အကြမ်းဖက်သောင်းကျန်းသူများအား ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာ ညနေ ၆ နာရီတွင် အကြမ်းဖက်သောင်းကျန်းသူများသည် အနောက်ရပ်ကွက်အတွင်းသို့ ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး တိုက်ခိုက်မှုဖြစ်စဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အလားတူ ည ၉ နာရီ ၂၅ မိနစ်တွင် ချင်းပြည်နယ် ကန်ပက်လက်မြို့ မြို့မ(၂)ရပ်ကွက်ရှိ မြန်မာ့စီးပွားရေးဘဏ်အား လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများက လက်လုပ်ဗုံး သုံးလုံး ပစ်ပေါက်ခဲ့ရာ ဘဏ်ရှေ့ခြံစည်းရိုးအစပ်တွင် လက်လုပ်ဗုံး တစ်လုံး၊ ဘဏ်နှင့် ရှစ်ခန်းတွဲ နှစ်ထပ်မြို့မဈေးအစပ်တွင် လက်လုပ်ဗုံးတစ်လုံး ကျရောက်ပေါက်ကွဲခဲ့ကာ ပေါက်ကွဲခြင်းမရှိသည့် လက်လုပ်ဗုံး တစ်လုံးအား သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့သည်။ ထပ်မံ၍ ည ၁၂ နာရီ ၁၀ မိနစ်တွင် လက်လုပ်ဗုံး တစ်လုံး၊ တူမီးသေနတ် ၁၀ ချက်ခန့်ဖြင့်လည်းကောင်း၊ ၁၂ နာရီ မိနစ် ၂၀ တွင် မြို့မရဲစခန်းအား လက်လုပ်ဗုံး တစ်လုံး၊ တူမီးသေနတ်များဖြင့်လည်းကောင်း၊ မေ ၁၄ ရက် နံနက် ၁ နာရီ မိနစ် ၅၀ တွင် မြန်မာ့စီးပွားရေးဘဏ်အား လက်လုပ်ဗုံးတစ်လုံးဖြင့်လည်းကောင်း လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော ခုခံပစ်ခတ်မှုများ ပြုလုပ်ခဲ့ပြီး လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်တိုက်ခိုက်မှုအတွင်း လူနှင့် အဆောက်အအုံများ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုမရှိကြောင်း သိရသည်။



မြောင်မြို့နယ်ရှိ မြို့မရဲစခန်းအား အကြမ်းဖက်သူများက လာရောက်ပစ်ခတ်တိုက်ခိုက်မှုကို တွေ့ရစဉ်။

အထက်ပါဖြစ်စဉ်များတွင် လုံခြုံရေးတပ်ဖွဲ့စခန်းများနှင့် မြန်မာ့စီးပွားရေးဘဏ်တို့အား အကြမ်းဖက် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် လက်နက်ကိုင် အကြမ်းဖက်အဖွဲ့များအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ကာ ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထားဝယ်မြို့နယ်၌ လက်လုပ်မိုင်း ထိမှန်ဒဏ်ရာရရှိထားသူများအား ဆေးရုံသို့ပို့ဆောင်စဉ် ဆူပူအကြမ်းဖက်သူများက တူမီးသေနတ်ဖြင့် ထပ်မံပစ်ခတ်ခဲ့သည့်အတွက် အမျိုးသားတစ်ဦး သေဆုံး

**နေပြည်တော် မေ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်၌ လက်လုပ်မိုင်း ထိမှန်ဒဏ်ရာရရှိထားသူများအား ဆေးရုံသို့ပို့ဆောင်စဉ် ဆူပူအကြမ်းဖက်သူများက တူမီးသေနတ်ဖြင့် ထပ်မံပစ်ခတ်ခဲ့သည့်အတွက် အမျိုးသား တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၃ ရက် ည ၁၂ နာရီ ၁၅ မိနစ်တွင် ထားဝယ်မြို့နယ် ကြက်စားပြင် ရပ်ကွက်၌ လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အဆိုပါရပ်ကွက်ရှိ အိမ်အမှတ်(မ/၁၀၇၆)တံခါးဝ၌ လက်လုပ်မိုင်း တစ်လုံးပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ဦးအင်စိုး(၆၀)နှစ်(ဘ)ဦးဘဝင်း၊ ၎င်း၏ သားဖြစ်သူ ပြည့်စုံဖြိုး (၁၃)နှစ်နှင့် တစ်အိမ်ကျော်တွင် နေထိုင်သူ ဦးဖေသန်း(၅၇)နှစ် (ဘ) ဦးတင်ကျင်တို့တွင် မိုင်းစထိမှန် ဒဏ်ရာများရရှိခဲ့သည့်အတွက် ဆေးရုံသို့ပို့ဆောင်ရန် အရေးပေါ်လူနာတင်ယာဉ်ဖြင့် ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ရန် ထွက်ခွာလာစဉ် ဒေါင်းငူတံတားလမ်းနှင့် ကမ်းနားလမ်းဆုံအရောက်၌ အင်္ကျီအနက်ရောင်ဝတ်ဆင်ထားသည့် ဆူပူအကြမ်းဖက်သူ အင်အား ၃၀ ခန့်က လူနာတင်ယာဉ်အား တားဆီးကာ တူမီးသေနတ်များဖြင့် ချိန်ရွယ်ပြီး ကားပေါ်မှ ဆင်းခိုင်းကာ ဒလန်/သူလျှိုများဟု ပြောဆို၍ ၎င်းတို့၏ ဖုန်းများအား သိမ်းဆည်း၍ ဦးဖေသန်းအား တူမီးသေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ဝဲရင်အုံဖောက်ဝင်ကာ နောက်ကျောဖောက်ထွက် ဒဏ်ရာ တစ်ချက်ရရှိခဲ့သဖြင့် ဆေးရုံသို့ပို့ဆောင်စဉ် လမ်း၌သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်တွင် လက်လုပ်မိုင်းဖောက်ခွဲကာ တူမီးသေနတ်ဖြင့် ပစ်ခတ်၍ လူအသက်သေဆုံးစေသည်အထိ အကြမ်းဖက်တိုက်ခိုက်မှု ကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီထိရောက်စွာ အရေးယူနိုင်ရေး အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်စုံစမ်းဖော်ထုတ်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သံတောင်ကြီးမြို့နယ်၌ အကြမ်းဖက်အုပ်စုများက ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့မှူးနှင့် ရပ်/ကျေး စာရေး နှစ်ဦးအား ရည်ရွယ်ချက်ရှိရှိ လုပ်ကြံသတ်ဖြတ်

**နေပြည်တော် မေ ၁၄**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်၌ အုပ်ချုပ်ရေးယန္တရားနှင့် တရားဥပဒေစိုးမိုးမှု ထိခိုက်ပျက်ပြားစေရန်နှင့် ပြည်သူလူထုများကြားတွင် အကြောက်တရားများ လွှမ်းမိုးစေရန်ရည်ရွယ်ကာ အကြမ်းဖက်အုပ်စုများက ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့မှူးနှင့် ရပ်/ကျေး စာရေး နှစ်ဦးအား ရည်ရွယ်ချက်ရှိရှိ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၄ ရက် နံနက် ၉ နာရီ မိနစ် ၂၀ တွင် သံတောင်ကြီးမြို့နယ် ပျားစခန်းကျေးရွာ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့မှူးဖြစ်သူ ဦးရာဇာဝင်းရွှေ (၄၀)နှစ် (ဘ) ဦးဝင်းရွှေနှင့် ရပ်/ကျေး စာရေးဖြစ်သူ စောစေးဝါး (၅၁)နှစ် (ဘ) ဦးယိုလဲတို့ နှစ်ဦးသည် ကျေးရွာအတွင်းရှိ ကုန်စုံဆိုင်တွင် ဈေးဝယ်နေစဉ် အကြမ်းဖက်သူများက လက်နက်ငယ်များဖြင့် ပတ်ခတ်ထွက်ပြေးသွားခဲ့ရာ ဦးရာဇာဝင်းရွှေနှင့် စောစေးဝါးတို့ နှစ်ဦးတွင် ယာပါးနှင့် ဝမ်းဗိုက်တို့တွင် ကျည်ထိမှန် ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်တွင် အုပ်ချုပ်ရေးယန္တရား ထိခိုက်ပျက်ပြားစေရန်ရည်ရွယ်ကာ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား ရည်ရွယ်ချက်ရှိရှိ ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့ ထွက်ပြေးသွားခဲ့သည့် လမ်းကြောင်းအား ပိတ်ဆို့ စစ်ဆေးမှုများဆောင်ရွက်ကာ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့နယ် အေးသာယာမြို့၌ အကြမ်းဖက်သူများက လက်လုပ်ဗုံးဖြင့် ပစ်ပေါက်တိုက်ခိုက်မှုကြောင့် အမျိုးသား နှစ်ဦး ဗုံးစထိမှန်ဒဏ်ရာရရှိ သေဆုံး

**နေပြည်တော် မေ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့၌ အကြမ်းဖက်သူများက လက်လုပ်ဗုံးဖြင့် ပစ်ပေါက်တိုက်ခိုက်မှုကြောင့် အမျိုးသား နှစ်ဦး ဗုံးစထိမှန် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၄ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် အေးသာယာမြို့ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နယ်မြေလှည့်ကင်း ဆောင်ရွက်ရာ အမှတ်(၁၀)ရပ်ကွက် နယ်မြေ(၈၇) အေးသာယာစက်မှုဇုန်ရှိ တောင်ကြီးနည်းပညာတက္ကသိုလ်အနီးလမ်းဘေး၌ ခေတ္တအခြေပြုနေစဉ် စက်မှုဇုန်ဘက်မှ အေးသာယာမြို့ဘက်သို့ အကြမ်းဖက်သူ အမျိုးသား နှစ်ဦး စီးနင်းလာသော အပြာရောင်ဆိုင်ကယ်တစ်စီးမှ လက်လုပ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့သည်။

အဆိုပါလက်လုပ်ဗုံးမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏အနီး လမ်းမပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့သုံး မော်တော်ယာဉ်ဝဲဘက်ခြမ်းတံခါး နှစ်ချပ်နှင့် ကိုယ်ထည်တို့တွင် ဗုံးစထိမှန်ပျက်စီးခဲ့ပြီး ပေါက်ကွဲမှု ဖြစ်ပွားသည့်နေရာအနီးတွင်ရှိနေသော အမှတ်(၁၀) ရပ်ကွက်နေ ခင်မောင်ကြည် (၃၅)နှစ် (ဘ) ဦးထွန်းလှသူသည် အခင်းဖြစ်နေရာတွင် ဗုံးစထိမှန်ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကာ အမှတ်(၁၂) ရပ်ကွက်နေ ကိုထီး(ခ)ကျော်နိုင် ၅၃နှစ် (ဘ) ဦးလှဋ္ဌေးသည် ဗုံးစထိမှန် ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးဝါးကုသမှုခံယူနိုင်ရေး အေးသာယာမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရာ ဆေးရုံသို့ရောက်ရှိစဉ် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် လက်လုပ်ဗုံးဖြင့် ပစ်ပေါက်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သူများအား ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့စစ်ဆေးရှာဖွေခြင်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိ



မြင်းခြံမြို့နယ် တလုပ်မြို့ကျေးရွာ၌ အမျိုးသားသုံးဦးအား အကြမ်းဖက်မှုများတွင် အသုံးပြုသည့် တူမီးသေနတ်၊ လက်လုပ်သေနတ်များ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။


**နေပြည်တော် မေ ၁၄**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှု လုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ဆက်လက်ဖော်ထုတ်သိမ်းဆည်း ရမိရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် မေ ၁၃ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် တလုပ်မြို့ကျေးရွာအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရပ်ရွာအေးချမ်းသာယာရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် အဆိုပါကျေးရွာနေ ဇော်ထက်(၃၃)နှစ် (ဘ)ဦးစံမြင့်ပါ အမျိုးသားသုံးဦးအား လက်လုပ်မိုင်းတစ်လုံးစီနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ထွက်ဆိုချက်အရ ညနေ ၄ နာရီတွင် ကျေးရွာ၏ မြောက်ဘက် ရေဝန်းဘုန်းကြီးကျောင်းဝင်းအတွင်းမှ တူမီးသေနတ် ခြောက်လက်၊ လက်လုပ်သေနတ်လေးလက်၊ Icon စကားပြောစက် သုံးလုံး၊ ကျွဲရိုင်းသံဘူးဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း ၁၀ လုံး၊ ချိန်ကိုက်မိုင်းနှစ်လုံး အပါအဝင် အကြမ်းဖက်မှုပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ညနေ ၅ နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် တာမွေကြီး(က+ဂ)ရပ်ကွက်နေ ဇာနည်ဝင်း(ခ) ဇာနည် (၂၀)နှစ် (ဘ)ဦးအောင်ထွဋ်၏ အိမ်အတွင်းမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို လည်းကောင်း၊ ည ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကံကွေ့ကျေးရွာနေ မိုးဟိန်းထက်(၃၅)နှစ်(ဘ)ဦးဝင်းရှိန်၏ နေအိမ်အတွင်းမှ ၎င်းအား လက်လုပ်လေသေနတ်တစ်လက်ဖြင့် လည်းကောင်း၊ ည ၁၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၂)ရပ်ကွက် ရာဇဓိရာဇ်လမ်းသွယ်(၁)နေ စည်သူအောင် (၃၃)နှစ် (ဘ)ဦးကိုကြီးနှင့် ဇော်မျိုးထက်(၂၇)နှစ် (ဘ) ဦးကျင်အုန်းတို့ နှစ်ဦးတို့ကို ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများဖြင့် လည်းကောင်း အသီးသီး တွေ့ရှိဖမ်းဆီးထိန်းသိမ်းရမိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သိုဝှက်သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူအား ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မိဘပြည်သူများ စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် မေ ၁၄**

မတရားအသင်းကြေညာထားသော NUG အမည်ခံ ပြည်ပြေးအစိုးရနှင့် CRPH အမည်ခံ ပြည်ပြေးလွှတ်တော်ကော်မတီတို့၏ ထောက်ပံ့မှုနှင့် ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ပျက်ပြားစေရန် ဆောင်ရွက်နေမှုများကြောင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်ကာ လုံခြုံရေး နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာနေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပုစွန်၊ ကဏန်းအရှင် တင်ပို့မှုလုပ်ငန်း ပွင့်လမ်းလာပါက ပို့ကုန်ကဏ္ဍဦးမော့လာမည်

**ရန်ကုန် မေ ၁၄**

ပြည်ပဈေးကွက်ရရှိထားသော ပုစွန်၊ ကဏန်းအရှင်ပို့ကုန်မှာ ၂၀၂၀ ပြည့်နှစ် ဧပြီလမှစ၍ ကမ္ဘာ့ကပ်ရောဂါကြောင့် တင်ပို့မှုလျော့ကျခဲ့သော်လည်း လုပ်ငန်းရပ်တန့်ခြင်းမရှိဘဲ လည်ပတ်ခဲ့ရာ ပြည်ပလေယာဉ်ခရီးစဉ်များ ပွင့်လမ်းပါက ရေထွက်ပို့ကုန်ကဏ္ဍ ပြန်လည်ဦးမော့လာမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်မှ သားငါးကဏ္ဍပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပြည်ပပို့ကုန်မြှင့်တင်ရေးကို အားပေးဖော်ဆောင်လျက်ရှိသည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း ဒေသတွင်းနိုင်ငံများနှင့်ယှဉ်၍ ပြည်ပဈေးကွက်ရရှိရန်ကြိုးပမ်းရာ၌ တရုတ်နိုင်ငံနှင့် ဟောင်ကောင်သို့ ပုစွန်နှင့် ကဏန်းအရှင်ဈေးကွက်ကို နှစ်အနည်းငယ်အတွင်းရရှိခဲ့ရာ နိုင်ငံခြားဝင်ငွေရရှိခဲ့သည်။ ကိုဗစ်တတိယအကျော့တွင် ဈေးကွက်နိုင်ငံသို့ တိုက်ရိုက်တင်ပို့သည့် လေယာဉ်ခရီးစဉ် အခက်အခဲကြောင့် မြန်မာနိုင်ငံမှရေထွက်ကုန်ပစ္စည်းတင်ပို့မှု ယာယီရပ်ဆိုင်းနေခြင်းဖြစ်သည်။

"ပုစွန်၊ ကဏန်းအရှင် ပို့ကုန်ကဏ္ဍဟာ လေယာဉ်နဲ့တင်ပို့ရတာဖြစ်တဲ့အတွက် ၂၄ နာရီအတွင်း ရောက်ရှိရမယ့်ပို့ကုန်ဖြစ်ပါတယ်။ ပြည်ပလေယာဉ်ခရီးစဉ် ပြန်စတာနဲ့ လုပ်ငန်းပြန်လည်ပတ်ဖို့အသင့်ပါပဲ။ ကိုဗစ်ပထမလှိုင်းမှာလည်း ဈေးကွက်လည်ပတ်ခဲ့တာဖြစ်တဲ့အတွက် ပို့ဆောင်ရေးအဆင်ပြေတာနဲ့ လုပ်ငန်းပြန်စနိုင်ပါပြီ။ လက်ရှိတရုတ်နိုင်ငံက မြို့ငါးမြို့နဲ့ ဟောင်ကောင်ကိုပို့တယ်။ အရင်ကနေ့စဉ်ဖြစ်စေ၊ တစ်ရက်ခြားဖြစ်စေ တင်ပို့ပြီးတော့ နောက်ပိုင်းအနည်းငယ်ပဲပို့ရာကနေ လေယာဉ်ခရီးစဉ်တွေ ရပ်သွားတဲ့အခါမှာ လုပ်ငန်းယာယီရပ်သွားတာပါ။ လေကြောင်းလိုင်းပွင့်သွားရင် ရေထွက်ကုန်ပို့ဆောင်ရေးဦးမော့ပါပြီ"ဟု Super Search Capital(Hong Kong) Co.,Ltd. မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဥရောပနှင့်အာရှ ရေထွက်ကုန်ပစ္စည်းဈေးကွက်အတွက် အင်ဒိုနီးရှားနိုင်ငံက အများဆုံးနေရာယူထားပြီး မြန်မာနိုင်ငံမှ ရေထွက်ကုန် လုပ်ငန်းရှင်များအနေဖြင့် ပုစွန်နှစ်မျိုးနှင့် ကဏန်းအပျော့နှင့်အမာကို တင်ပို့ခြင်းဖြစ်သည်။ **ညိမ်းသူ**

## ဆောမြို့နယ်၌ လက်နက်ကိုင်အကြမ်းဖက် သောင်းကျန်းသူများက အကြောင်းမဲ့ အကြမ်းဖက် ပစ်ခတ်တိုက်ခိုက်၍ အမျိုးသားနှစ်ဦး သေဆုံး

**နေပြည်တော် မေ ၁၄**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ်၌ ယနေ့တွင် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက အကြောင်းမဲ့ အကြမ်းဖက် ပစ်ခတ်တိုက်ခိုက်၍ အမျိုးသားနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၅ နာရီတွင် မြိုင်မြို့နယ် သမင်ချောက်ကျေးရွာနေ ဦးအောင်မိုး (၃၈)နှစ်(ဘ)ဦးထွေးရီ၊ မတ္တရာမြို့ အမှတ်(၁)ရပ်ကွက်နေ ဦးစိုးသူလွင်(ခ)ဂျိုးလေး(၃၁)နှစ်(ဘ)ဦးမောင်လွင်နှင့် မန္တလေးမြို့ တံခွန်တိုင်ရပ်ကွက်နေ ကိုလင်းလင်း(ခ)ပေါက်ကြီး(၃၃)နှစ်(ဘ) ဦးစိုးစိုးတို့ သုံးဦးသည် Toyota Dyna 2B-9634 ယာဉ်ဖြင့် ဂန့်ဂေါမှ မန္တလေးမြို့သို့ ဂန့်ဂေါ-ထီးလင်း-ကျောက်ထု-ပေါက်-ပခုက္ကူလမ်းကြောင်းအတိုင်း မောင်းနှင်ထွက်ခွာလာစဉ် ဆောမြို့နယ် ကြီးကျေးရွာနှင့် ထီးလင်းမြို့နယ်၊ ရွှေအောင်သာကျေးရွာကြားသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိစဉ် လက်နက်ငယ်များ၊ တူမီးသေနတ်များ ကိုင်ဆောင်ထားသည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ အင်အား ၁၀၀ ခန့်က လမ်းကြောင်းပိတ်ဆို့၍ ၎င်းတို့မောင်းနှင်လာသည့်ယာဉ်အား ရပ်တန့်စေခဲ့ကြောင်း၊ ထို့နောက် ၎င်းအကြမ်းဖက်သမားများက ယာဉ်ပေါ်တွင် လိုက်ပါလာသူများအား ကားပေါ်မှဆင်းခိုင်းပြီး မြေပြင်ပေါ်တွင် ဒူးထောက်ခေါင်းငုံ့စေလျက် သေနတ်ဖြင့်ပစ်ခတ်ခဲ့ရာ ဦးအောင်မိုးတွင် ရင်အုံနှင့် ယာဘက်ပေါင်တို့တွင် သေနတ်ဒဏ်ရာနှစ်ချက်ဖြင့် လည်းကောင်း၊ ဦးစိုးသူလွင် (ခ)ဂျိုးလေးတွင် နောက်ကျောနှင့် ယာလက်မောင်း ဖောက်ဝင်ဒဏ်ရာနှစ်ချက်ဖြင့် လည်းကောင်း ဒဏ်ရာများအသီးသီးရရှိကာ အခင်းဖြစ်နေရာတွင်သေဆုံးခဲ့ကြောင်းနှင့် ယာဉ်၏ ရှေ့ယာဘက်ဘီးအား တူမီးသေနတ်ဖြင့် ပစ်ဖောက်၍ မွန်းတည့် ၁၂ နာရီခန့်တွင် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများသည် လမ်းကြောင်းအား ပိတ်ဆို့ထားသည့်နေရာမှ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် လမ်းအားပိတ်ဆို့တားဆီးကာ အပြစ်မဲ့ပြည်သူများအား လူ့အသက်သေဆုံးစေသည်အထိ ရက်စက်စွာပစ်ခတ်သတ်ဖြတ်၍ အကြမ်းဖက်မှုကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**ကမ္ဘာ့အပူချိန် လျော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

## အနုပညာ



# ၁၇နှစ်ကြာလက်တွဲလာခဲ့တဲ့ ဝိုင်ဂျီနဲ့ လမ်းခွဲလိုက်တဲ့ ဆန်ဒရာပါ့ခ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့ 2NE1 ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဆန်ဒရာပါ့ခ်ဟာ အနုပညာလုပ်ငန်းတွေကို ၁၇ နှစ်ကြာ လက်တွဲလုပ်ဆောင်ခဲ့တဲ့ သူ့ရဲ့အေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအင်တာတိန်းမန့်နဲ့ လတ်တလောမှာ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆန်ဒရာအနေနဲ့ ဝိုင်ဂျီနဲ့ လမ်းခွဲတော့မှာဖြစ်ကြောင်း မေ ၁၄ ရက်မှာ အဆိုပါ အင်တာတိန်းမန့်ဘက်က ထုတ်ဖော်ပြောကြားလာတာဖြစ်ပါတယ်။ ဝိုင်ဂျီအင်တာတိန်းမန့်က ဆန်ဒရာပါ့ခ်နဲ့ ချုပ်ဆိုထားတဲ့ စာချုပ်ပြီးဆုံးပြီဖြစ်ကြောင်းနဲ့ ဆန်ဒရာအနေနဲ့ ပြီးခဲ့တဲ့ ၁၇ နှစ်တာကာလအတွင်း အေဂျင်စီအပေါ်ယုံကြည်ကာ လက်တွဲလုပ်ဆောင်ခဲ့မှုတွေအတွက် ကျေးဇူးတင်ကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

ဆန်ဒရာပါ့ခ်ဟာ ၂၀၀၄ ခုနှစ်အတွင်း ဝိုင်ဂျီအင်တာတိန်းမန့်နဲ့ ဆက်သွယ်ခဲ့ကာ ၂၀၀၉ ခုနှစ်အတွင်း 2NE1 ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် ပွဲထွက်ခွင့်ရခဲ့တာပါ။ သူ့ရဲ့ အနုပညာသက်တမ်းတစ်လျှောက် တေးဂီတလုပ်ငန်းမှာသာမက သရုပ်ဆောင်၊ မော်ဒယ်လ်၊ ဖက်ရှင်နဲ့ အစီအစဉ်တင်ဆက်တဲ့ လုပ်ငန်းတွေမှာလည်း ပါဝင်လှုပ်ရှားခဲ့ပါတယ်။

# Friends: The Reunion တွင် ဧည့်သရုပ်ဆောင်အဖြစ် BTS ပါဝင်မည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ဟာ မကြာမီ ပြသသွားမယ့် Friends: The Reunion အထူးရုပ်ရှင်မှာ ဧည့်သရုပ်ဆောင်တွေအဖြစ် အခြားသော နာမည်ကျော်ကြယ်ပွင့်တွေနဲ့အတူ ပါဝင်သွားမှာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၁၃ ရက်မှာ HBO Max က အဆိုပါရုပ်ရှင်သစ်အတွင် အစမ်းရုပ်ရှင်ကို ထုတ်လွှင့်ပြသခဲ့ပါတယ်။ အဆိုပါ အစမ်းရုပ်ရှင်ထုတ်လွှင့်ပြီးနောက် မီဒီယာများစွာက ယင်းရုပ်ရှင်သစ်မှာ ပါဝင်သွားမယ့် ကျော်ကြားတဲ့ အနုပညာရှင်တွေအကြောင်းကို ရေးသားဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ အဆိုပါ အနုပညာရှင်တွေထဲမှာ ကေပေ့ါပ်ကြယ်ပွင့်အဖြစ် BTS အဖွဲ့လည်း ပါဝင်နေတာဖြစ်တယ်လို့ သိရပါတယ်။

အဆိုပါရုပ်ရှင်မှာ အဓိကဇာတ်ဆောင်တွေအဖြစ် ဂျနီဖာအန်နစ်စတန်၊ လီဆာကူဒရော၊ ကောင်တနေကောက်ဇ်၊ ဒေးဗစ်စခရင်းမား၊ မက်လယ်ဘလက်ခ်နဲ့ မက်သရူးပါရီတို့ ပါဝင်ထားကြပြီး ဧည့်သည်သရုပ်ဆောင်တွေအဖြစ် အနုပညာအသိုင်းအဝိုင်းမျိုးစုံက ကျော်ကြားတဲ့ သူတွေဖြစ်ကြတဲ့ ဂျက်စတင်ဘီဘာ၊ လေဒီဂါဂါ၊ ဒေးဗစ်ဘက်ခမ်း၊ ကစ်ထ်ဟာရင်တန်နဲ့ BTS တို့ ပါဝင်နေတာဖြစ်ပါတယ်။ အဆိုပါရုပ်ရှင်ကို မေ ၂၇ ရက်မှာ စတင်ပြသသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# ဟန်ရယ်စူးရဲ့ ဇာတ်လမ်းတွဲရုပ်ရှင်သစ် Goodbye Romance

တောင်ကိုရီးယားမင်းသမီးတစ်ဦးဖြစ်သူ ဟန်ရယ်စူးဟာ ရုပ်သံဇာတ်လမ်းတွဲသစ် Goodbye Romance မှာ အဓိကဇာတ်ဆောင်မင်းသမီးအဖြစ် ပါဝင်သွားမှာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲဟာ သူငယ်ချင်းတွေအဖြစ် အချိန်အတော်ကြာရှိခဲ့ပြီး ချစ်သူတွေဖြစ်ခဲ့ကြတဲ့ စုံတွဲတစ်တွဲအကြောင်းကို ရိုက်ကူးသွားမယ့် အချစ်ဇာတ်လမ်းအမျိုးအစားလည်း ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာ ဟန်ရယ်စူးအနေနဲ့ အဓိကဇာတ်ဆောင်မင်းသမီးအဖြစ် ပါဝင်သွားမှာ ဖြစ်ကြောင်း သူ့ရဲ့ဖျော်ဖြေရေးအေဂျင်စီက မေ ၁၄ ရက်မှာ အတည်ပြုပေးခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဇာတ်လမ်းတွဲများစွာမှာ ပါဝင်သရုပ်ဆောင်ခဲ့ဖူးတဲ့ ဟန်ရယ်စူးဟာ အဆိုပါဇာတ်လမ်းတွဲမှာ ချိန်းဆိုတွေ့ဆုံတာတွေ၊ လက်ထပ်တာတွေနဲ့ ပတ်သက်ပြီး ပူပန်တတ်တဲ့ အမျိုးသမီးတစ်ဦးဖြစ်သူ ဂျိုချန်ဟီးအဖြစ် ပါဝင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။



**အေးပြည့် - ရေးသားသည်**

## ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
## ပြည်ထောင်စုဝန်ကြီးရုံး
## ရုံးအမှတ်(၁)၊ နေပြည်တော်

# လျှောက်လွှာခေါ်ယူခြင်း

၁။ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးရုံးတွင်လစ်လပ်လျက်ရှိသောဒုတိယဦးစီးမှူး(လစာနှုန်းကျပ်၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး(၈)နေရာအတွက်အောက်ပါအရည်အချင်းသတ်မှတ်ချက်များနှင့်ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) Computer ကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။
- (ဂ) လျှောက်လွှာပိတ်သည့် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၄ ရက်တွင်အသက်(၂၈)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဃ) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- (င) ပြည်ထောင်စုဝန်ကြီးရုံးတွင် အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
- (စ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီးမှလျှောက်ထားရမည်။

၂။ လျှောက်ထားသူများသည် ကျန်းမာရေးကောင်းမွန်ပြီးအကျင့်စာရိတ္တ ကောင်းမွန်သူ၊ နေပြည်တော်တွင်မိမိအစီအစဉ်ဖြင့်နေထိုင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာတွင်လျှောက်ထားသည့်ရာထူး၊အမည်၊မိဘအမည်၊ မွေးသက္ကရာဇ်နှင့်အသက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊ အိမ်ထောင်ရှိ/မရှိ၊ ပညာအရည်အချင်း၊ အမြဲတမ်းနေရပ်လိပ်စာ၊ ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းအမှတ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လက်ရှိရာထူးနှင့်လစာနှုန်း၊ ဌာနအမည် တို့ကိုပြည့်စုံစွာဖော်ပြရမည်ဖြစ်ပြီးစာရွက်စာတမ်းမပြည့်စုံသောလျှောက်လွှာများနှင့် သတ်မှတ်ရက်ကျော်လွန်သောလျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ လျှောက်လွှာနှင့်အတူအောက်ပါတို့ကိုပူးတွဲပေးပို့ရမည်-

- (က) တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ(နောက်ကျောတွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးထားရန်)
- (ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် ပြစ်မှုကင်းရှင်းကြောင်းနှင့်အကျင့်စာရိတ္တကောင်းမွန်ကြောင်းကို သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ထောက်ခံချက်မူရင်း(လွန်ခဲ့သောတစ်လအတွင်း)
- (ဂ) ဝန်ထမ်းမဟုတ်လျှင်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင်မှတ်ပုံတင်ထားသည့်သက်တမ်းရှိသောအလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ(မူရင်းအားလျှောက်လွှာတင်ပြသည့်နေ့တွင်ယူဆောင်လာရမည်)
- (ဃ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါကသက်ဆိုင်ရာဝန်ကြီးဌာနခွင့်ပြုချက်စာမူရင်း
- (င) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ
- (စ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊ဘွဲ့လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ် ရေးထိုးရန်)
- (ဆ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများတွင် လျှောက်လွှာမတင်မီတစ်ပတ်အတွင်း ကျန်းမာရေးကောင်းမွန်ကြောင်းစစ်ဆေးထားသည့်ဆေးထောက်ခံချက် မူရင်း

၅။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**Website www.mifer.gov.mmတွင်**download ရယူလျှောက်ထားနိုင်ပါသည်။လျှောက်လွှာများကိုရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးရုံး၊ရုံးအမှတ်(၁)၊နေပြည်တော်သို့ **၂၀၂၁ခုနှစ်၊ ဇွန်လ ၁၄ ရက်၊ (၁၆:၃၀)နာရီ**နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ ကိုယ်စားစေလွှတ်၍သော်လည်းကောင်းလျှောက်ထားသူ၏နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းယူဆောင်၍လျှောက်ထားရမည်ဖြစ်ပါသည်။

၆။ ရေးဖြေစာမေးပွဲအားပြည်ထောင်စုဝန်ကြီးရုံးတည်ရှိရာနေပြည်တော်တွင် **၂၀၂၁ခုနှစ်၊ ဇွန်လ ၂၇ ရက်**တွင် ဖြေဆိုရမည်ဖြစ်ပြီးဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊အင်္ဂလိပ်စာနှင့်အထွေထွေဗဟုသုတဖြစ်ပါသည်။

၇။ ဖြေဆိုခွင့်ကတ်ပြားများအား**၂၀၂၁ခုနှစ်၊ ဇွန်လ၂၄ရက်နှင့်၂၅ရက်တို့တွင်**ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၁)၊နေပြည်တော်တွင်ထုတ်ပေးမည်ဖြစ်ပြီးကာယကံရှင်ကိုယ်တိုင်နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့်အတူ လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။ဖြေဆိုခွင့်ကတ်ပြားထုတ်ပေးချိန်တွင်စာမေးပွဲဖြေဆိုရမည့်နေရာကို ကြေညာထားရှိမည်ဖြစ်ပါသည်။

၈။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေး၍ရွေးချယ်ခန့်အပ်သွားမည်ဖြစ်ပါကြောင်းနှင့်လူတွေ့စစ်ဆေးခြင်းကျင်းပပြုလုပ်မည့်နေ့ရက်အား ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**Website www.mifer.gov.mm** တွင်ထပ်မံအသိပေးထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၉။ သိရှိလိုသောအချက်များကို ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၁)၊ နေပြည်တော်သို့လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်၀၆၇-၃၄၀၇၃၈၂သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံး**


## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၅၆၈)၊ ဧရိယာ(အလျား ၄၀ပေxအနံ ၆၀ပေ)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏မြေကွက်ကိုမျက်နှာမူ၍ကြည့်သော် (ညာခြမ်း)၊ (အလျား ၂၀ပေx အနံ ၆၀ပေ)အကျယ်ရှိ မြေကွက်(မြေဂရန်မူရင်းခြမ်း)နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ သပြေလမ်း၊ အမှတ်(၅၆၈)ဟုခေါ်တွင်သော မြေအိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်နီနီညွန့်(CE/RGN-၀၁၉၆၇၁)အမည်ပေါက်ပြီး ရောင်းသူဦးပြည့်မိုးအောင် [၁၂/အစန(နိုင်)၁၁၄၂၇၇]မှ အဆက်စပ်စာချုပ်စာတမ်းများအရ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိခဲ့ပြီး၊ ရောင်းချလိုကြောင်း၊ အထက်ပစ္စည်းဇယားပါပစ္စည်းအပေါ် ရောင်းချခြင်းဖြင့်စီမံခန့်ခွဲခွင့်ရှိကြောင်း၊ ပြောဆိုကမ်းလှမ်းရာကျွန်ုပ်၏မိတ်ဆွေ ဦးခြိမ့်[၁၂/ဥကမ(နိုင်)၂၁၂၇၀]မှအပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ ဤမြေနှင့်အိမ်အရောင်းအဝယ်အပေါ်ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုငြိမ်း LL.B,D.B.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ ရတနာလမ်း၊ မလိခကွန်ဒိုမီနီယမ်၊ Tower(D)၊ အခန်းအမှတ်(၀၁-၀၂)၊ ပထမထပ်၊ အကျယ်အဝန်း(၁၂၀၅)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိတို့သာလျှင် တရားဝင်ပိုင်ဆိုင်ပြီးအပေါင်အနှံအရှုပ်အရှင်းကင်းရှင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူဝန်ခံကတိပြုကြသူများ ဖြစ်ကြသည့် ဦးညီညီဝင်း [၁၂/ကမရ(နိုင်)၀၁၀၉၉၇]နှင့် ဒေါ်မာမာဝင်း[၁၂/ကတတ(နိုင်)၀၂၂၃၀၁] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ကွန်ဒိုတိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ဤကြေညာချက်ပါသည့်ရက်မှစပြီး (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ကန့်ကွက်မည့်သူမရှိပါက ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီအောင်မြင်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပြောဆိုလွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်ချယ်ရီအောင်**
**LL.B,D.B.L,D.I.L,D.M.L,DL(101)IP,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၀၁)**
**အမှတ်(၈)၊ (၅)လွှာ၊ နေသိဒ္ဓိလမ်း၊ ဆရာစံမြောက်/အနောက်ရပ်ကွက် ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၄၆၆၅၀၊ ၀၉-၂၆၄၁၂၆၉၀၀**

## အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ ပိန္နဲကုန်းရပ်ကွက်၊ မြေကွက်အမှတ်-(၂က^၁+၂က^၂+၂က^၃)၊ မြေပိုင်မြေ (အိမ်ရာမြေရပြီး) မြေအမျိုးအစား၊ ဧရိယာ(၀.၂၂၄)ကေရှိ မြေကွက်အနက်မှ ခြေရင်းဘက်ခြမ်းရှိ မခွဲမစိတ်ရသေးသော အကျယ်ပေ(၈၅/၃၅x၁၃၈)ရှိ မြေကွက်အစိတ်အပိုင်းနှင့်ပတ်သက်၍ အသိပေးကြေညာခြင်း

အထက်ဖော်ပြပါလိပ်စာ၌ တည်ရှိသာမြေကွက်အား အမည်ပေါက်ပိုင်ရှင် ဒေါ်လှလှမြင့်[၁၂/အစန(နိုင်)၁၆၁၈၁၉](BQ-011775)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းအောင်ထူး[၁၀/ကမရ(နိုင်)၀၀၀၄၃၀]ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို မြေကွက်ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်အတူ လူကိုယ်တိုင်ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးမင်းအောင်ထူး** | **ဒေါ်ခင်မာလွင်(LL.B,D.B.L)** |
| **[၁၀/ကမရ(နိုင်)၀၀၀၄၃၀]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **အမှတ်-၁၆(အေ)၊** | **အမှတ်(၁၉၂)၊ ဗိုလ်ချုပ်လမ်း၊** |
| **ကြေးတိုင်စု(၁)လမ်း၊** | **(၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| **ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။** | **ဖုန်း-၀၉-၅၁၈၉၆၈၉** |

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ တောင်ဒီးကျေးရွာအုပ်စု၊ ဇလပ်ကွင်းကျေးရွာနေထိုင်သူ မောင်သန်းကိုဝင်း (ဘ) ဦးသိန်းဟန်[၁၄/မမန(နိုင်)၂၈၇၇၅၇]ကိုင်ဆောင်သူသည် မိဘများ၏ဆိုဆုံးမမှုများကို နာခံမှုမရှိဘဲ မိဘများစိတ်ဆင်းရဲစေသည့် လုပ်ဆောင်မှုများအား အကြိမ်ကြိမ်ဆောင်ရွက်နေပါသဖြင့် သားအဖြစ်မှအပြီးအပိုင်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝတို့အား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းဟန်**
**[၁၄/မမန(နိုင်)၀၁၈၅၉၉]**


## မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ မောင်တောမြို့၊ ရွက်ညိုတောင်ကျေးရွာနေ ဦးအောင်သန်းမောင်(ခ)မြင့်အောင်၏ သမီး မစန်းစန်းဝေ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆-၅-၂၀၀၄ ဖြစ်ပါကြောင်း။။


ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဓမ္မရာဇဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုတော်ကြီးလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြောင်း

















## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်အေးအေးသိန်း**
**အသက်(၆၈)နှစ်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ ချစ်လှစွာသောဇနီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၁:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုရှေ့နေချုပ်**
**ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အရာထမ်း/အမှုထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်အေးအေးသိန်း**
**အသက်(၆၈)နှစ်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ ချစ်လှစွာသောဇနီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၁:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန်းဌေးနှင့်ဇနီး ဒေါ်စိုးဝတ်ရည် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး**
**ဒေါ်အေးအေးသိန်း**
**အသက် (၆၈)နှစ်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ ချစ်လှစွာသောဇနီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၁:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တရားရေးအပတ်စဉ်(၂) ဖေယျ(၇၄)မှ**
**လက်ရှိတာဝန်ထမ်းဆောင်နေသောတရားသူကြီးများ၊**
**တရားရေးအရာရှိကြီးများ၊**
**အငြိမ်းစားတရားသူကြီးဟောင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဟာဂျီ ဦးကျော်ဝင်း**
**ပုဏ္ဏဝတီ ဘုန်းဆွေ (သတင်းစာဆရာအသင်းဝင်)**
**အသက် (၈၂)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁၂၄)၊ သုံးလွှာ၊ အနော်ရထာလမ်းမနေ ဒေါ်ဘေဘီမြင့် (ပန်းဘဲတန်းမြို့နယ်၊ သတင်းစာဆရာအသင်း ဥက္ကဋ္ဌ) စာရေးဆရာမ ရွှေဘိုသီရိမာလာ၏ ချစ်လှစွာသောခင်ပွန်း၊ ဟာဂျီ ကိုကိုနိုင်၊ ဟာဂျီ ကိုကိုအောင်၊ ကိုကိုမောင်(U.S.A)တို့၏ ဖခင်သည် ၂၅-၄-၂၀၂၂ ရက်တွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသတင်းစာဆရာအသင်း**
**ရန်ကုန်တိုင်းဒေသကြီး**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်အေးအေးသိန်း**
**အသက်(၆၈)နှစ်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ ချစ်လှစွာသောဇနီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၁:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တရားလွှတ်တော်ရှေ့နေများကောင်စီ**
**နေပြည်တော်**

## ဒေါ်ရည်ရည်နွယ်
**အသက် (၆၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊တိုက်(၃၁)၊ အခန်း(၁၂)နေ (ဗိုလ်မှူးကိုကိုလေး)-ဒေါ်ညွန့်ရှင်တို့၏သမီး၊ (ဗိုလ်မှူးစစ်ထွန်း-ဒေါ်ညွန့်ရှိ)တို့၏သမီးချွေးမ၊ (ဦးတင်ထွန်း)၏ဇနီး၊ Mr.Roy Toomy-ဒေါ်နီလာနွယ်၊ ဦးကျော်ခိုင်စိုး-ဒေါ်မေသက်ခိုင်၊ ဦးမြတ်ဘုန်း-ဒေါ်ယုယုစိုးတို့၏ ညီမ၊ ကိုထွန်းနန္ဒ-မဇင်မိုးပွင့်၊ ကိုသော်ဇင်ဝင်း-မအင်ကြင်းနွယ်၊ မအေးမိစံတို့၏ မိခင်ကြီး၊ မရွှန်းလဲ့ယုယထွန်း၊ မောင်မြင့်မြတ်ဝင်းသော်၊ မောင်ငြိမ်းမြတ်ဝင်းသော်တို့၏ ဘွားဘွားသည် ၁၀-၅-၂၀၂၂ (တနင်္လာနေ့) ည ၉:၃၀နာရီတွင် ၉၆ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၁-၅-၂၀၂၂ရက်တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်အေးအေးသိန်း**
**အသက်(၆၈)နှစ်**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၁:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ**
**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်အေးအေးသိန်း**
**အသက်(၆၈)နှစ်**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၁:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်နှင့်ဝန်ထမ်းများ**
**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်အေးအေးသိန်း**
**အသက်(၆၈)နှစ်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ဇနီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၁:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြသိန်း(အဖွဲ့ဝင်၊ ငြိမ်း)-ဒေါ်ရီရီဝင်း**
**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးကျော်လှိုင်(ခ) ဦးကျောက်လှိုင်**
**အသက် (၉၂)နှစ်**

International Business Promotion Centre မှ အထွေထွေအတွင်းရေးမှူး ဦးကျော်ခိုင် (ရှေ့ဆောင်ပုံနှိပ်တိုက်)တို့၏အစ်ကို ဦးကျော်လှိုင် (ခ) ဦးကျောက်လှိုင်သည် ၁၂-၅-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အဖွဲ့**
**International Business**
**Promotion Centre**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ကြင်စိန်**
**အသက်(၈၇)နှစ်**

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၃)မှ ဗိုလ်မှူးချုပ်ညွန့်တင်(ငြိမ်း)၊ ဒေါ်တင်တင်ကြည်တို့၏ မိခင်ဖြစ်သူ ဒေါ်ကြင်စိန် အသက်(၈၇)နှစ်သည် ၁၃-၅-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗကသ(၆၃)သူရတပ်ခွဲမှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးချစ်သန်း**
**အသက်(၈၆)နှစ်**

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၃)မှ ဗိုလ်ကြီးအောင်ချိုဦး(ငြိမ်း)၊ ဒေါ်စောမြတ်မွန်တို့၏ ဖခင်ဖြစ်သူ ဦးချစ်သန်း အသက်(၈၆)နှစ်သည် ၁၁-၅-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗကသ(၆၃)သူရတပ်ခွဲမှ သူငယ်ချင်းများ**

## သွေးသည် အသက်

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်အေးအေးသိန်း**
**အသက်(၆၈)နှစ်**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဦးထွန်းထွန်းဦး၏ ဇနီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၁:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်အေးအေးသိန်း**
**အသက(၆၈)နှစ်**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဦးထွန်းထွန်းဦး၏ ဇနီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၁:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးဝန်ထမ်းများ**

## ဦးအောင်မြင့်
**အသက် (၇၅)နှစ်**

ရန်ကုန်မြို့နေ (ဦးဟန်စူး-ဒေါ်ကြိုင်နု)တို့၏ ဒုတိယသား၊ ဒေါ်မြင့်မြင့်လွင်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုသောင်းမြတ်အေး-မနန်းဇင်မာမိုး၊ မမေမြတ်ဖြိုးတို့၏ဖခင်၊ မနန်းဟေသီ၏အဘိုး ဦးအောင်မြင့်သည် ၁၃-၅-၂၀၂၂ ရက် ည ၁၁:၄၅ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၂၂ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး**
**ဒေါ်ကြင်စိန်**
**အသက် (၈၇) နှစ်**

ဝရဒါဠာဓါတုစေတီယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၏ ဂေါပကအဖွဲ့ဝင် ဗိုလ်မှူးချုပ်ညွန့်တင်(ငြိမ်း)နှင့် ဒေါ်တင်တင်ကြည်တို့၏ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး ဒေါ်ကြင်စိန် အသက် (၈၇)နှစ်သည် ၁၃-၅-၂၀၂၂ (ကြာသပတေးနေ့) ညနေ ၃:၁၀ နာရီတွင် ကန်သာယာဆေးရုံကြီး၌ (၉၆)ပါးရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝရဒါဠာဓါတုစေတီယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဂေါပကအဖွဲ့ဝင်များနှင့်ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်အေးသန်း**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ အမှတ် (၇၈)၊ လမ်း (၅၀)၊ မြေညီ (ပထပ်)၊ ပုဇွန်တောင်မြို့နယ်နေ ဦးကြည်တင်၏ချစ်လှစွာသောဇနီး ဒေါက်တာဒေါ်အေးသန်း(Ph.D) (ဒု-ညွှန်ကြားရေးမှူး-ငြိမ်း)သည် ၈-၅-၂၀၂၂ ရက် နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ဝမ်းနည်းကြေကွဲရပါကြောင်း။

**ချစ်တူမ**
**ဒေါ်မြင့်မြင့်ရီ**
**(ဒုဗိုလ်မှူးကြီးသန်းဝင်း)**
**မိသားစု**

**မူးယစ်**
**ဆေးဝါး**
**အန္တရာယ်**
**ပူးပေါင်း**
**ကာကွယ်**



## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးအေးသိန်း

**အသက် (၆၈)နှစ်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ ချစ်လှစွာသောဇနီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၁:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး(ငြိမ်း)နှင့် ဇနီး ဒေါ်မြမြစန်း**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်စု (စခန်းမှူး-ငြိမ်း)**

နယ်ဖြစ်(၉) ဒုရဲအုပ်လောင်းသင်တန်း

(စံပြကျောင်းသား-စာပေဗိမာန်စာပေဆုရှင်)

**အသက် (၇၁)နှစ်**

ရန်ကုန်မြို့၊ သမိုင်းမြို့သစ်နေ ဒေါ်ဥမ္မာကြိုင်၏ခင်ပွန်း ဦးအောင်စုသည် ၈-၅-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နယ်ဖြစ်ဒုရဲအုပ်လောင်းသင်တန်း (၉/၈၄) ဆင်းသူငယ်ချင်းများ**

---

ဥတု
ရာသီ
တောကို
မှီ၏

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြင်စိန်

### ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)

**အသက်(၈၇)နှစ်**

ကျောက်ပန်းတောင်းမြို့နယ်၊ မဲထီးရွာနေ(ဦးဘိုးဆင့်-ဒေါ်လှဆွေ)တို့၏သမီး၊ (ဦးဘိုးလှ-ဒေါ်စော)တို့၏ သမီးချွေးမ၊ အမှတ် (၄၃၀)၊ ဒေ (၂)လမ်း၊ ပန်းခြံ (၈)၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေ (ဦးရွှေဖျိုင်း)၏ဇနီး၊ ဒေါ်ခင်နွဲ့ကြည်-ဦးစန်းကျော်သွင်၊ ဗိုလ်မှူးချုပ်ညွန့်တင်(ငြိမ်း)-ဒေါ်တင်တင်ကြည် (ခင်နန္ဒာဗုဒ္ဓဂယာ ဘုရားဖူးကုမ္ပဏီ)၊ (ဒေါ်ခင်ကြည်ကြည်စိုး)-ဦးထွန်းမြင့်၊ ဦးအောင်သန်းမြင့်၊ ဦးအောင်ဆန်းညွန့်(အမှတ်-၄ သစ်စက်၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ခင်မြတ်လင်း၊ ဒေါ်သီဂီအောင်-ဦးနေမျိုးထွန်းတို့၏ မိခင်၊ မြေး ၁၀ယောက်၊ မြစ်လေးယောက်တို့၏အဘွား ဒေါ်ကြင်စိန်သည် ၁၃-၅-၂၀၂၂ (ကြာသပတေးနေ့) ညနေ ၃:၁၀ နာရီတွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၂၂ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရွှေပြည်သာကျူချောင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြင်စိန်

**အသက်(၈၇)နှစ်**

ကျောက်ပန်းတောင်းမြို့နယ်၊ မဲထီးရွာနေ(ဦးဘိုးဆင့်-ဒေါ်လှဆွေ)တို့၏သမီး၊ (ဦးဘိုးလှ-ဒေါ်စော)တို့၏ သမီးချွေးမ၊ အမှတ်(၄၃၀)၊ ဒေ(၂)လမ်း၊ ပန်းခြံ(၈)၊ (၇) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေ (ဦးရွှေဖျိုင်း)၏ဇနီး၊ (အငြိမ်းစားသံအမတ်ကြီး သခင်ချန်ထွန်း-ဒေါ်အမာ)၊ (ဦးသက်ယုံ-ဒေါ်သန်း)၊ (ဦးတင်ဦး)-ဒေါ်တင်စိန်၊ (ဒေါ်စန်းမြိုင်-ဦးတင်မောင်)၊ (ဦးထင်ကျော်-ဒေါ်ခင်သန်းစု)တို့၏ ညီမ၊ ဒေါ်ခင်အေးအေး-[ဦးထင်အောင် (ကုန်သွယ်လယ်ယာ-ငြိမ်း)]၊ (ဒေါ်တင်လေး-ဦးဘိုလှ)၊ ကျောက်တံတားမြို့နယ်၊ (၁၉)လမ်းနေ ဦးမောင်မောင်လှ(ဆောက်လျှပ်၊ နယ်စပ်ကုန်သွယ်ရေး-ငြိမ်း)-ဒေါ်လှဝင်း(အ.ထ.က-၂၊ လသာ-ငြိမ်း)၊ ဒေါ်စိန်ငွေး-(ဦးကြိုင်)၊ ဒေါ်ထွေး-ဦးအောင်လွင်တို့၏ အစ်မကြီးသည် ၁၃-၅-၂၀၂၂ (ကြာသပတေးနေ့) ညနေ ၃:၁၀ နာရီတွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၂၂ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရွှေပြည်သာ ကျူချောင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမောင်နှမများ

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးအေးသိန်း

**အသက်(၆၈)နှစ်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ ချစ်လှစွာသောဇနီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၁:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဒေါ်လင်းလင်းတင်**
**ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဝန်ထမ်းမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးအေးသိန်း

**အသက်(၆၈)နှစ်**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ၏ဇနီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၂ရက်(ကြာသပတေးနေ့) နံနက် ၁၁:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးကိုကို နှင့် ဇနီး ဒေါ်တင်တင်ညွန့်**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးအေးသိန်း

**အသက်(၆၈)နှစ်**

နေပြည်တော် ဥတ္တရသီရိမြို့နေ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၂ ရက်(ကြာသပတေးနေ့)နံနက် ၁၁:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်သန်းဦး ပြည်ထောင်စုဝန်ကြီးနှင့်**
**ဝန်ထမ်းများ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

---

### ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဗိုလ်မှူးစောခင်မောင်ဝင်း(ငြိမ်း)

**အသက်(၆၄)နှစ်**

### စစ်တက္ကသိုလ် အပတ်စဉ် ၂၀

### Deputy General Manager, Global Treasure Bank

ရန်ကုန်မြို့ အောက်မင်္ဂလာဒုံ ၂ လမ်း အောင်ဆန်းနေ(ဦးစောကျော်အေး+ဒေါ်နော်အိမ်ချော)တို့၏ဒုတိယသား၊ (ဦးစောဝေလ်ဆင်ကြီး+ဒေါ်စီစီကြီး)တို့၏ သားသမက်၊ (ဦးစောမြင့်ရွှေ)+နော်လူစီအေးတို့၏မောင်၊ ဦးစောတိမသေ+ဒေါ်နန်းခင်မေဝင်းတို့၏အစ်ကို တူ၊ တူမ ခြောက်ယောက်တို့၏ဦးလေး၊ လှိုင်မြို့နယ်နေ ဒေါ်နော်ခလေးဖောကြီး၏ ချစ်လှစွာသော ခင်ပွန်း၊ မပန်းအိခင်၊ မသွဲ့ကြည်ခင်နှင့် မသက်မွန်ခင်တို့၏ ချစ်လှစွာသော ဖခင်သည် ၁၄-၅-၂၀၂၂(သောကြာနေ့) မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သော ရုပ်ကလာပ်အား ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ သုသာန်တွင် ၁၇-၅-၂၀၂၂ နံနက် ၉ နာရီတွင် ဝတ်ပြုကိုးကွယ်၍ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးအေးသိန်း

**အသက်(၆၈)နှစ်**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး ဒေါ်အေးအေးသိန်း သည် ၁၃-၅-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၁:၄၄နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျောက်(ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်-ငြိမ်း)နှင့်ဇနီး မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးအေးသိန်း

**အသက် (၆၈)နှစ်**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၁:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တရားရေးဝန်ထမ်းလုပ်ငန်းဝင်သင်တန်းအမှတ်စဉ်(၁)၊**
**ဇေယျ(၆၄)မှ တရားရေးအရာရှိ(ငြိမ်း)များ**

---

### ဆရာမကြီး ဒေါ်လှထွေး(ငြိမ်း)

**အသက်(၉၈)နှစ်**

### ထားဝယ်မြို့

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အနောက်ရပ်ကွက်၊ မြို့တွင်းလမ်း၊ အမှတ်(၇၆)၊ မောင်မောင်ခိုင်(ခတ်ပုံတိုက်)နေ (ဦးစံဘ-ဒေါ်ချစ်မေ)တို့၏သမီးကြီး၊ (ဆရာကြီးဦးဖိုးချစ်)၏ဇနီး၊ ဦးကျင်စမ်း-ဒေါ်အေးသန်း (တွဲဖက်ပါမောက္ခ-ငြိမ်း)၊ ဦးမောင်မောင်သန်း(တိုင်းမန်နေဂျာ-ငြိမ်း)- ဒေါ်မြသန်း(အထက်တန်းပြဆရာမ-ငြိမ်း)၊ ဦးအောင်ခိုင်(မူလတန်းကျောင်းအုပ်-ငြိမ်း)-ဒေါ်ငြိမ်းပို(အလယ် တန်းပြဆရာမ-ငြိမ်း)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ဦးသိန်းဦး-ဒေါ်ရည်မွန်မွန်၊ ဒေါ်ရည်သန့်စင်၊ (ဦးသူရိန်မင်း)-ဒေါ်ယဉ်ယဉ်ဖြူ၊ ဦးပြည့်ခိုင်-ဒေါ်တိုးတိုးစံ၊ ဦးမင်းကျော်သူ-ဒေါ်အေးအေးမွန်တို့၏ ချစ်လှစွာသော အဘွား၊ မောင်ဝေဘုန်းပြည့်၊ မမွန်ကလျာဦး၊ မောင်မင်းသန့်မောင်၊ မောင်မင်းသုမောင်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၁၃-၅-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၃:၃၀နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ၁၆-၅-၂၀၂၂(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထားဝယ်မြို့၊ ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သောင်းသောင်း

**အသက်(၉၄)နှစ်**

ရေနံချောင်းမြို့နေ (ဦးရောင်-ဒေါ်စော)တို့၏သမီး၊ (ဦးထွန်းမှင်)၏ ချစ်လှစွာသောဇနီး၊ ဦးကျော်ဝဏ္ဏ-ဒေါ်ခင်ဆွေထွန်း (ပြည်နယ်တရားလွှတ်တော် တရားသူကြီး၊ ကရင်ပြည်နယ်)၊ ဒေါက်တာခင်ဝင်း-ဒေါ်တိုးတိုးထွန်း၊ ဦးမင်းဦး-ဒေါ်အေးအေးထွန်း၊ ဒေါ်ဖြူဖြူထွန်း(အထက-၃၊ မကွေးမြို့)၊ ဦးအောင်ရဲထွန်း-ဒေါ်စန်းစန်းမော်၊ ဦးရဲနိုင်စိုး-ဒေါ်ခင်သီတာထွန်း၊ မခင်မေလတ်(ပူတူး)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၂ ယောက်တို့၏ ဘွားဘွားကြီးသည် ၁၃-၅-၂၀၂၂ (ကြာသပတေးနေ့) ညနေ ၆ နာရီတွင် ဘားအံမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၂၂ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ဘားအံမြို့၊ ထန်းကိုးပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးခင်ရွှေ

**(လက်ထောက်အင်ဂျင်နီယာ-ငြိမ်း၊ သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

**အသက် (၈၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်းဈေးကြွယ် (က)ရပ်ကွက်၊ မေဏ္ဍာလမ်း၊ အမှတ်(၃၂)နေ (ဦးဘိုးရှင်-ဒေါ်စု)တို့၏ သား၊ (ဒေါ်တင်ညွန့်)၏ ခင်ပွန်း၊ ဦးရဲဇော်အောင်-ဒေါ်သင်းသင်းအေး၊ ဦးကျော်မျိုးအောင်၊ ဒေါ်ခင်စန္ဒာရွှေတို့၏ ဖခင်ကြီး၊ မမြတ်နိုးခင်(ခေတ္တ-Netherlands)၊ မမေဖြူခင်(ခေတ္တ-Korea) တို့၏ အဘိုးသည် ၁၄-၅-၂၀၂၂ (သောကြာနေ့) နံနက် ၈:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးတင်ဦး(ငြိမ်း)

**အသက်(၈၁)နှစ်**

**အ.ထ.က(၅)ဗိုလ်တထောင်**

**အ.ထ.က(၂)တောင်ဥက္ကလာ**

ရန်ကုန်မြို့၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဩဘာလမ်း၊ အမှတ်(၈၂)နေ (ဦးအုံးသစ်-ဒေါ်မြကျင်)တို့၏သား၊ (ဦးသာကြွယ်-ဒေါ်မမကြီး)တို့၏ သားသမက်၊ မောင်သန့်စင်-မမီမီသန်း၊ မောင်နေလင်း၊ မောင်လင်းအောင်-မချယ်ရီ၊ မောင်လှဦး-မရွှေစင်တို့၏ဖခင်၊ ဒေါ်လှမြင့်၏ခင်ပွန်း ဦးတင်ဦးသည် ၁၃-၅-၂၀၂၂ ရက်တွင် ကွယ်အနိစ္စရောက်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း မိတ်ဆွေသူငယ်ချင်းအပေါင်းတို့အား သိရှိစေရန်အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၂၂ (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါ ကြောင်း သိစေအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်တင်ရီ(မန္တလေးမြို့)

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာနေ ဦးမြ-ဒေါ်အုံးခင်တို့၏ သမီး ၊ ဗိုလ်မှူးသက်မွန်(ငြိမ်း)၏ဇနီး၊ ဦးဇာနည်မွန်-ဒေါ်ယဉ်မင်းညွန့်၊ ဒေါ်မီမီသက်မွန်၊ ဒေါ်အိအိသက်မွန်-ဦးရွှေမင်း၊ ဦးသာကီမွန်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏အဘွား ဒေါ်တင်တင်ရီသည် ၁၃-၅-၂၀၂၂ (ကြာသပတေးနေ့) ည ၇:၅၀ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ၁၅-၅-၂၀၂၂ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သောင်းသောင်း

**အသက် (၉၄)နှစ်**

ကရင်ပြည်နယ်၊ ဘားအံမြို့၊ (၄)ရပ်ကွက်၊ ဝန်ကြီးများအိမ်ရာဝင်းနေ ကရင်ပြည်နယ် တရားလွှတ်တော်တရားသူကြီး ဒေါ်ခင်ဆွေထွန်း၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်သောင်းသောင်း အသက် (၉၄)နှစ်သည် ၁၃-၅-၂၀၂၂ (ကြာသပတေးနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တရားရေးဝန်ထမ်းလုပ်ငန်းဝင်သင်တန်းအမှတ်စဉ်(၁)**
**ဇေယျ (၆၄)မှ သူငယ်ချင်းများ**



# ချင်းတွင်းမြစ်အထက်ပိုင်းမြို့များသို့ နေ့စဉ် အမြန်ရေယာဉ်လေးစင်း ပြေးဆွဲပေးလျက်ရှိ

**မုံရွာ မေ ၁၄**
မုံရွာမြို့ကို အခြေပြု၍ ချင်းတွင်းမြစ်အထက်ပိုင်းမြို့များသို့ နေ့စဉ်အမြန်ရေယာဉ်လေးစင်းပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ နေ့စဉ်နံနက် ၅ နာရီတွင် သုံးစင်းနှင့် မွန်းလွဲ ၁ နာရီတွင် တစ်စင်း ပြေးဆွဲပေးနေခြင်းဖြစ်သည်။

"ကုန်ရရင်ကုန်တင်သွားတယ်။ လူမရရင်လည်း ကုန်တင်သွားတယ်။ အမြန်ရေယာဉ်တွေပြေးဆွဲမှုက ကောင်းမွန်ပါတယ်။ မေ ၉ ရက်ကစပြီး ကနီမှာ တိုက်ပွဲဖြစ်နေလို့ ရပ်ထားတာပဲရှိတာ။ မေ ၁၆ ရက်လောက် ပြန်ပြေးဆွဲဖို့ မှန်းထားပါတယ်" ဟု ရွှေနဒီ အမြန်ရေယာဉ်အသင်းမှ ဂိတ်တာဝန်ခံ ကိုမျိုးက ပြောသည်။

ခရီးသည်တစ်ဦးလျှင် မုံရွာ-ခန္တီး ငွေကျပ် လေးသောင်း၊ မုံရွာ-ဟုမ္မလင်း ငွေကျပ် သုံးသောင်း၊ မုံရွာ-ဖောင်းပြင် ငွေကျပ် နှစ်သောင်းခွဲ၊ မုံရွာ-မော်လိုက် ငွေကျပ် နှစ်သောင်း၊ မုံရွာ-ကလေးဝ ငွေကျပ် တစ်သောင်းခွဲ၊ မုံရွာ-မင်းကင်း ငွေကျပ် တစ်သောင်းနှုန်းကောက်ခံကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသည်တင်ရေယာဉ်အသင်း ၄၆ သင်း၊ အစင်းရေ ၃၄၆ စင်းနှင့် ကုန်တင်ရေယာဉ်အသင်း ၁၉ သင်း၊ အစင်းရေ ၆၀၄ စင်း ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**လူလေး**

# အာရှဖလား ယူ-၂၃ ခြေစစ်ပွဲကို အောက်တိုဘာတွင်ပြုလုပ်ရန် စီစဉ်ထား

**ရန်ကုန် မေ ၁၄**
အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲကို အောက်တိုဘာလတွင်ပြုလုပ်ရန် စီစဉ်ထားပြီး ကိုဗစ်-၁၉ ကပ်ရောဂါပေါ် မူတည်၍ အတည်ပြုသွားမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ယခင်က အာရှ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲအမည်ဖြင့်ကျင်းပခဲ့သော်လည်း လာမည့်ပြိုင်ပွဲမှစတင်ကာ အာရှဖလား ယူ-၂၃ ပြိုင်ပွဲအဖြစ် ပြောင်းလဲကျင်းပမည်ဖြစ်သည်။ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲကို အောက်တိုဘာ ၂၃ ရက်မှ ၃၁ ရက်အထိ ကျင်းပရန် စီစဉ်ထားပြီး အာရှဒေသတွင်းမှ ယူ-၂၃ လက်ရွေးစင်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**ယှဉ်ပြိုင်ဖွယ်ရှိ**

ယင်းခြေစစ်ပွဲတွင် အသင်းပေါင်း ၄၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး နောက်ဆုံးအဆင့်သို့ အသင်း ၁၅ သင်း တက်ရောက်ခွင့်ရမည်ဖြစ်သည်။ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲမှာ မြန်မာအသင်း ပုံမှန်ယှဉ်ပြိုင်နေသည့် ပြိုင်ပွဲတစ်ခုဖြစ်ပြီး လာမည့် ပြိုင်ပွဲကိုလည်း ခြေစစ်ပွဲကျင်းပသည့်အပေါ်မူတည်၍ ဝင်ရောက်ယှဉ်ပြိုင်ဖွယ်ရှိနေသည်။

ယင်းခြေစစ်ပွဲကျင်းပဖြစ်ပါက မြန်မာအသင်းသည် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် အသင်းဖြင့် စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍

## ကြေးမုံ ယနေ့ ဖတ်စရာ


**ဆီစားသုံးမှုအန္တရာယ် သတိပြုဖွယ်**
စာမျက်နှာ » ၉

**အမေရိကန်နိုင်ငံ အိုဟိုင်းအိုးပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံမှုခံယူသူများအား ဆုကြေးငွေနှင့် ပညာသင်ဆုများ ချီးမြှင့်ပေးမည်**
စာမျက်နှာ » ၁၃






**ပုစွန်၊ ကဏန်းအရှင် တင်ပို့မှုလုပ်ငန်း ပွင့်လမ်းလာပါက ပို့ကုန်ကဏ္ဍ ဦးမော့လာမည်**
စာမျက်နှာ » ၂၃




# ဒလမြို့နယ်၌ လယ်ယာမြေဧက ၁၈၅၀ ကျော် ရေကြီးရေလျှံမှု ကာကွယ်ပေးနိုင်မည့် ကမာအောင်ချောင်းသွယ်တူးဖော်

**ရန်ကုန် မေ ၁၄**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ လယ်ယာမြေဧက ၁၈၅၀ ကျော် ရေဝင်နစ်မြုပ်မှုနှင့် ရေကြီးရေလျှံမှုမှ ကာကွယ်ပေးနိုင်မည့် ကမာအောင်ချောင်းသွယ် တူးဖော်ခြင်းလုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ အရှည် ၅၀၁၆ ပေ တူးဖော်ပြီးစီးကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**၅၀၁၆ ပေ တူးဖော်ပြီးစီး**

ရဲချောင်းဝကျေးရွာ၊ ညောင်ငုတ္တိုကျေးရွာနှင့် သပြေကုန်းကျေးရွာတို့သို့ ဆက်သွယ်ထားသည့် ကမာအောင်ချောင်းသွယ်တစ်လျှောက်ရှိ အကျယ် ၂၂ ပေ၊ အောက်ခြေ ၁၆ ပေ၊ အနက် ၃ ပေခွဲဖြင့် အရှည် ၅၀၁၆ ပေကို တူးဖော်ပြီးစီးကြောင်း၊ ဆက်လက်၍ ကျန်ရှိနေသော အပိုင်းများကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် တူးဖော်ဆောင်ရွက်ပေးနိုင်ရန် လျာထားကြောင်း သိရသည်။

ရန်ကုန်မြစ်၏လက်တက်ခွဲဖြစ်သည့် ကမာအောင်ချောင်းသွယ် တစ်လျှောက် စုစုပေါင်း အရှည်ပေမှာ ၃၇၀၀၀ ကျော်ရှိပြီး မိုးရာသီကာလအတွင်း လယ်ယာမြေ သီးနှံများ စိုက်ပျိုးရာတွင် ရေနစ်မြုပ်မှုနှင့် ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးအတွက် တူးဖော်ပေးခြင်းဖြစ်ကြောင်း၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**